ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (12-2-2004) (၄၁၄၄)

ဓမ္မစရိယာ စ
ဧတံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ယနေ့ထုတ်
စောင်ရေ
၁၉၇၇၄၄

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ရာခိုင်နှုန်းပြည့် ရရှိရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းနေမှုဝါဒလမ်းစဉ်(၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရန် တိုင်းရင်းသားပြည်သူအားလုံးက မဆိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ
၂၀၀၄ခုနှစ်၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် အခါသမယတွင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝကြစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်ကြသော ကျွန်ုပ်တို့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးတစ်ရာကျော်တို့သည် ဤအမိမြန်မာနိုင်ငံတော်ကြီးတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် သုခ၊ ဒုက္ခဟူသမျှတို့ကို မျှဝေခံစားကြရင်း တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းခေတ်ဦးမှသည် ယနေ့ထက်တိုင်အောင်ပင် ဖြစ်ပါသည်။

ဤကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာ အတူတကွ နေထိုင်နိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည်သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတည်းဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံအရင်းတည်လျက် အမြော်အမြင်ကြီးမားစွာဖြင့် ပေါင်းစည်းယှက်နွယ် နေထိုင်ခဲ့ကြသည့် ရှေးဘိုးဘီဘင် အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင် ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✡

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်မြောက်ပိုင်းခရိုင်မှ အနောက်ပိုင်းခရိုင်သို့ သယ်ဆောင် ပြည်သူလူထု ထောင်ပေါင်းများစွာတို့က ကြိုဆိုအလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့က တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုနေ့ အလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းသို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့် လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ပြည်ထောင်စုနေ့အလံတော်ကို နံနက် ၈နာရီ မိနစ် ၅၀တွင် လှိုင်သာယာမြို့နယ် အားကစားကွင်းရှိ ငွေဖလား၌ စိုက်ထူအလေးပြုကာ တစ်ညတာ ရပ်နားလိုက်သည်။

ရှေးဦးစွာ မှော်ဘီမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့အလံတော်ကို တက်ရောက်လာကြသော ရန်ကုန်မြောက်ပိုင်းခရိုင်မှ ပြည်သူလူထုအင်အား ၁၀၀၀၀ ကျော်တို့က ဖူးကြီးတပ်နယ်မှ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ ဖူးကြီးတပ်နယ်ကိုယ်စားပြု စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် နံနက် ၆နာရီ မိနစ် ၅၀တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့ အလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ အားကစားကွင်းမုခ်ဦးသို့ သယ်ဆောင်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❀

ပြည်ထောင်စုနေ့ အလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်စဉ်။

(ကြေးမုံ)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထူးထုတ် ရောင်စုံလေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထူးထုတ် ရောင်စုံလေးမျက်နှာ ပါရှိပါသည်။

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်

၁၂-၂-၂၀၀၄
(ကြာသပတေးနေ့)

ယနေ့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသမှာ ပြည်ထောင်စုဖွားတိုင်းရင်းသားမျိုးနွယ်စုများဖြင့် ရေးနှစ်ပေါင်းများစွာကပင် အတူတကွ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်ကြခြင်းဖြစ်သည်။ နိုင်ငံတော်အတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများသည် နေထိုင်ရာဒေသအလိုက် လူမျိုးစုအမည်နှင့် ပြောဆိုသောဘာသာစကားများ ကွဲပြားမှုရှိသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် သွေးရင်းသားချင်းများသာ ဖြစ်ကြသည်။

သမိုင်းစဉ်တစ်လျှောက် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြရာ တိုင်းရင်းသားသွေးချင်းများ၏ စိတ်သန္တာန်တွင် ပြည်ထောင်စုစိတ်ဓာတ်သည် ထာဝစဉ် ကိန်းအောင်းလျက်ရှိသည်။ အေးအတူ၊ ပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသည့်အစဉ်အလာရှိ၍ စည်းလုံးခြင်းနှင့် ညီညွတ်ခြင်း၏ အကျိုးတရားများကို သိရှိလက်ခံကျင့်သုံးလာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲဝင်နေဆဲကာလ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆို၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာ ဖော်ထုတ်ပြသနိုင်ခဲ့သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူတည်ဆောက်နိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံရေးအဓိပ္ပာယ် လေးနက်ပြည့်စုံသည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို **"ပြည်ထောင်စုနေ့"**အဖြစ် သတ်မှတ်၍ နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိ အမျိုးသားရေးဦးတည်ချက်များချမှတ်ပြီး ထည်ထည်ဝါဝါ ကျင်းပလျက်ရှိခြင်းဖြစ်သည်။

နိုင်ငံတော်က ယခု ၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့်–

- **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို ချမှတ်ထားသည်။

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံတော်၏သမိုင်းကြောင်း အခြေခံများနှင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်အပေါ်အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်အကောင်အထည် ဖော်လျက်ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်သည် နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုများကို ညွှန်ပြထားသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် အနာဂတ်၏ ခရီးလမ်းကြောင်းကို အမျိုးသားရေးအမြင်ဖြင့် လမ်းညွှန်မှုပြုထားသည်။

မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုနိုင်ငံ ဖြစ်သည်နှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုခိုင်မြဲနေသည်နှင့်အမျှ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ မိမွေဖမွေဖြစ်သည့် လွတ်လပ်သောပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့်တာဝန်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးတိုင်း၏ အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသား ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရ တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံသံအမတ်ကြီးများက ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ကွာလာလမ်ပူမြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ (သတင်းစဉ်)

ဘင်းမ်စတက် ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးမှ ဝန်ကြီး ဦးဝင်းအောင် ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ဖေဖော်ဝါရီ ၈ရက်တွင် ကျင်းပသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဘင်းမ်စတက်)၏ ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၉ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosalနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီး ဦးဝင်းအောင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီနှင့် အကြံပေးအရာရှိ ဦးအောင်သန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနစုမှူး(၁) ဒေါ်မာလာသန်းထိုက်တို့ ပြန်လည်လိုက်ပါလာကြသည်။

ဘင်းမ်စတက်အဖွဲ့၏ ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘူတန်နှင့် နီပေါနိုင်ငံတို့အား အဖွဲ့ဝင်နိုင်ငံသစ်များအဖြစ် လက်ခံကြောင်း သဘောတူညီခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် မကွေးတိုင်း အလုပ်အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မကွေးတိုင်း အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့တို့တွေ့ဆုံ၍ လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၉ရက် မွန်းလွဲ ၂နာရီတွင် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ရိပ်သာခန်းမ၌ ကျင်းပသည်။

ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီနှင့် ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းရွှေ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသည့် ဒေါ်မြမြ၊ပါမောက္ခ ဒေါ်မင်းသက်မွန်နှင့် ဒေါ်ကြည်ကြည်မြ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊မကွေးတိုင်းအမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မကွေးတိုင်း အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးတွင် မကွေးတိုင်း အမျိုးသမီးရေးရာအထောက်အကူပြုအဖွဲ့မှ တိုင်းအထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက မကွေးတိုင်းသို့ လာရောက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာလုပ်ငန်း အထောက်အကူပြုအဖွဲ့ တိုင်းအထွေထွေအုပ်ချုပ်ရေးမှူးက မကွေးတိုင်း အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ခဲ့သော ကဏ္ဍရှစ်ရပ်ကို အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ဝင် ဒေါက်တာဒေါ်စန်းရွှေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် လျှောက်ထားကြရာတွင်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွဲ့ချုပ်၏ လုပ်ငန်းကဏ္ဍ အသစ်များအနက် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့အကြောင်း ရှင်းလင်းပြောကြားသည်။ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့–အဖွဲ့ခေါင်းဆောင် ဒေါ်မြမြက စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာအဖွဲ့များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြုစုပျိုးထောင်နှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့နှင့် စပ်လျဉ်းသည်တို့ကို အဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ကျင်းပသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဘင်းမ်စတက်)၏ ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ပြန်လည် ရောက်ရှိလာရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရေး တိုင်းရင်းသားပြည်သူအားလုံးက ဦးတည်ကြိုးပမ်း

✡ ရှေ့ဖုံးမှ

သို့ဖြစ်ရာ ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် ထိုကျေးဇူးတရားကို အလေးအနက် ခံယူစောင့်ထိန်းကြပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွင်း မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်နေစေရေးအတွက် မလျှော့သောဇွဲ၊ ခိုင်မြဲသော လုံ့လ၊ ထကြွနိုးကြားသော ဝီရိယတို့ဖြင့် အစဉ်ကြိုးစည်အားထုတ်ကြိုးပမ်းနေကြရမည်မှာ တိုင်းရင်းသားအားလုံးအတွက် သမိုင်းပေးတာဝန်ကြီးပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်မြောက်ဘက်ရှိ တောင်ကုန်းတောင်တန်းကြီးများသည် လည်းကောင်း၊ အနောက်ဘက်နှင့် တောင်ဘက်ရှိ ပင်လယ်သမုဒ္ဒရာတို့သည်လည်းကောင်း အမိမြေအတွက် သဘာဝကပေးအပ်ထားသော အရံအတားများ ဖြစ်ကြပါသည်။ ထိုအရံအတားများအတွင်း မြန်မာနိုင်ငံတော်ကြီး နှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ဘုန်းမီးနေလတောက်ပခဲ့ခြင်းသည်လည်းကောင်း၊ မိရိုးဖလာထုံးတမ်းစဉ်လာများ၊ တွေးခေါ်မြော်မြင်မှုများက ဆင်းသက်ပေါက်ဖွားလာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင် လူမှုတန်ဖိုးများ သီးသီးသန့်သန့် ခံ့ခံ့ထည်ထည် ဖွံ့ဖြိုးရှင်သန်ခဲ့ခြင်းသည်လည်းကောင်း တိုင်းရင်းသားလူမျိုးများအားလုံး၏ စိတ်ပိုင်းဆိုင်ရာခွန်အားများဖြစ်ကြသည့် မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့၌သာလျှင် အရင်းတည်၍ ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် အချုပ်အခြာအာဏာပိုင်စိုးပြီး မြန်မာ့ယဉ်ကျေးမှုအနုပညာများဖြင့် ဖွံ့ဖြိုးဝေစည်ခဲ့သည့်အလျောက် ကမ္ဘာတွင် ထင်ပေါ်ကျော်ကြားစွာဖြင့် ဂုဏ်ယူဝင့်ကြွားကမ္ပည်းမော်ကွန်းတင်နိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါသည်။

၁၉ ရာစုနှစ်များအတွင်း၌မူ ခေတ်မီလက်နက်အားကိုးဖြင့် နယ်ချဲ့ဝါဒီတို့က ကမ္ဘာတစ်လွှား နယ်ပယ်ချဲ့ထွင်ခဲ့ကြရာတွင် မြန်မာနိုင်ငံသည်လည်း နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ သို့သော် နယ်ချဲ့ဝါဒီတို့သည် မြန်မာနိုင်ငံကို အလွယ်တကူသိမ်းပိုက်စိုးမိုးနိုင်ခဲ့သည် မဟုတ်ပါ။ မြန်မာနိုင်ငံသားများ၏ သူ့ကျွန်မခံလိုစိတ်၊ ပြည်ထောင်စုကြီးကို ထိပါးလာသော အန္တရာယ်များကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ဖယ်ရှားလိုသော တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်တို့သည် သမိုင်းမှတ်တိုင်များအဖြစ် တည်ရှိခဲ့ပါသည်။ နယ်ချဲ့တွန်းလှန်ရေး တိုက်ပွဲများတွင် ပြည်ထောင်စုဖွား ညီအစ်ကိုတော်များသည် ပခုံးချင်းယှဉ်၊ လက်ချင်းတွဲလျက် အမိမြေကို ကျူးကျော်လာကြသူများအား ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြပါသည်။ နယ်ချဲ့တို့နှင့် လက်နက်အင်အားချင်းမမျှ၍သာ အားမတန် မာန်လျှော့ခဲ့ကြရပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် ထီးကျိုးစည်ပေါက်ဖြစ်ကာ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို တာရှည် ကျွန်ပြုအုပ်ချုပ်နိုင်ရေးအတွက် မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ကို ရိုက်ချိုးဖျက်ဆီးကာ မြန်မာတိုင်းရင်းသား အချင်းချင်း အထင်အမြင်လွဲမှားပြီး တစ်ဦးကိုတစ်ဦး သံသယစိတ်များ ဖြစ်ပေါ်စေရန် လူမျိုးရေးအရ လည်းကောင်း၊ လူမှုရေးအရလည်းကောင်း၊ အုပ်ချုပ်ရေးအရလည်းကောင်း ဖန်တီးသွေးခွဲခဲ့ကြပါသည်။

သို့ရာတွင် မြန်မာတိုင်းရင်းသားများသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိစေရန် ဘက်စုံ ထောင့်စုံမှ နည်းလမ်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ လွတ်လပ်ရေးအတွက် အဓိကအရေးကြီးသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမိပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များက ခိုင်ခိုင်မာမာ ပြသခဲ့ကြပါသည်။ ဤသို့ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့်အလျောက် ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်သော ပြည်ထောင်စုနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။

လွတ်လပ်ရေးရရှိပြီးသည့်နောက်တွင် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှု ဒဏ်ရာဒဏ်ချက်များကြောင့် တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှား၍ သံသယများ ပွားများခဲ့ကြသဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်ခဲ့ရပြီး အစိုးရအဆက်ဆက်တို့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးမဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်သည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည်အင်အား တောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အားချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျခဲ့သည်ကိုလည်းကောင်း သမိုင်းသင်ခန်းစာအဖြစ်ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို အဓိက ဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ခဲ့ပါသည်။ ထို့ကြောင့်ပင် တောတွင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီးဖြစ်ရာ ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးကိုလည်း နွေးထွေးပျူငှာစွာဖြင့် အစဉ်အမြဲလက်ကမ်းကြိုဆိုပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရာခိုင်နှုန်းပြည့်ရရှိရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေပါသည်။

ယခင်က ဝေးလံသီခေါင်ပြီး တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှုနည်းပါးကာ တစ်ဦးနှင့်တစ်ဦး အမြင်လွဲမှားသံသယများ ပွားခဲ့ကြသဖြင့် တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းခဲ့သည့်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ ခုနှစ်မှစ၍ ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ယနေ့နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများဖြစ်ထွန်းလျက် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီ ဖြစ်ပါသည်။ ထို့ပြင် ယခင်က တောနှင့်မြို့တို့၏ စီးပွားရေးဘဝနှင့် လူမှုရေးဘဝတို့ ကွာဟချက်ကြီးမားခဲ့ရာ ယင်းကွာဟချက် လျော့နည်းပပျောက်ပြီး ကျေးလက်ဒေသများတွင် လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးစည်ပင်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံ တိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ပြည်နယ်နှင့် တိုင်းများအားလုံးတွင် မျှမျှတတ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်အဖြစ် ချမှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် ပဓာနလုပ်ငန်းဖြစ်သော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရေးကို ရရှိထားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ကြရန် အထူးလိုအပ်ပါသည်။

နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန် ဖြစ်ပါသည်။

သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရင့်သန်ခိုင်မာစေရန် အားထုတ်ကြိုးပမ်းကြရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ ဖြစ်သော–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွဖြင့် ကြိုးပမ်း အကောင်အထည် ဖော်သွားကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂျပန်နိုင်ငံလူမှုရေးအသင်းမှ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂျပန်နိုင်ငံအခြေစိုက် အစိုးရမဟုတ်သော လူမှုရေးအသင်း Women's Federation for World Peace (WFWP) မှ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းပွဲကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ WFWP မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ WFWP မှ WFWP Shizuoka ဒေသဥက္ကဋ္ဌ Mrs. Fumi Katayama နှင့် WFWP Tokyo (7) ဥက္ကဋ္ဌ Mrs. Sachiko Akao တို့က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဆောင်ရွက်နေသော ကျောက်တန်းမြို့နယ် အာဟာရပြုစုပျိုးထောင်ရေး လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ၅၀၀၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အိမ်တွင်းမှုသင်တန်းကျောင်းအတွက် သိုးမွေးထိုးစက် နှစ်လုံး၊ အရေးပေါ်ရှေးဦးသူနာပြုစုမှု ဆေးသေတ္တာအလုံး ၃၀တို့ကို လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အိမ်တွင်းမှုသင်တန်းကျောင်း၌ သိုးမွေးထိုးသင်တန်းဆရာမအဖြစ်ဆောင်ရွက်ပေးသော ဆရာမဒေါ်သိန်းသိန်းအား WFWP မှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များသည် အသင်း၏လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုပြီး အသင်းက ဖွင့်လှစ်ထားသည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂျပန်နိုင်ငံအခြေစိုက် အစိုးရမဟုတ်သော လူမှုရေးအသင်းမှ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ တာဝန်ရှိသူများက အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆော၊ ထီးလင်းနှင့် ဂန့်ဂေါမြို့နယ်များသို့ သွားရောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဆောမြို့သို့ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၇ရက် နံနက် ၇နာရီခွဲတွင် ဆောမြို့နယ် သံဃနာယက သိရိဥတ္တရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ အား သွားရောက်ဖူးမြော်ကန်တော့ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် နံနက် ၈နာရီတွင် ဆောမြို့ရှိ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ဆောမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ကျေးလက်ပြည်သူလူထုမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ နိုင်ငံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက် အောင်မြင်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်တို့နှင့် ပတ်သက်၍ ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ ဝန်ကြီး၏ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဆောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ် နှစ်သိန်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာ စာကြည့်တိုက်များအတွက် သုတ၊ ရသမဂ္ဂဇင်းစာစောင်များ၊ ကျေးရွာလူထုအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီးသည် နံနက် ၁၀နာရီခွဲတွင် ဆောမြို့နယ် ကံကြီးကျေးရွာရှိ ဆောမြို့နယ်လုံးဆိုင်ရာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများဖြင့် ဖူးမြော်ကန်တော့ကာ လူငယ်ဖွံ့ဖြိုးရေးကျောင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသောင်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ အဝတ်အထည်နှင့် ဆပ်ပြာများ၊ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ ထို့နောက် ဝန်ကြီးက ကျေးရွာပြည်သူလူထုအား နိုင်ငံတော်အစိုးရ၏ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် ဆောင်ရွက်ပေးမှုများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကို တိုးချဲ့ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၁နာရီခွဲတွင် ကျောက်ထု အခြေခံပညာ အထက်တန်းကျောင်းရှိ မြတ်ရတနာခန်းမ၌ ကျောက်ထုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာပြည်သူလူထုများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကာ ကျေးရွာ စာသင်ကျောင်းအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာပြည်သူလူထုအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၂နာရီခွဲတွင် လယ်ဆောကျေးရွာ၌ လည်းကောင်း၊ ညနေ ၄နာရီတွင် ကြီးကျေးရွာနှင့် အောင်းကျေးရွာများ၌ လည်းကောင်း၊ ညနေ ၆နာရီခွဲတွင် သရခါကျေးရွာ၌ လည်းကောင်း ပြည်သူလူထုနှင့် တွေ့ဆုံ၍ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေမှုများ၊ နိုင်ငံတော်အစိုးရက လက်ရှိဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ကျောင်းသုံးဖတ်စာအုပ်နှင့်ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ် စာတမ်းများ၊ ကျေးရွာပြည်သူများအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ထီးလင်းမြို့တွင် ညအိပ်ရပ်နားကြသည်။

ထီးလင်းမြို့တွင် ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၈ရက်နံနက် ၇နာရီတွင် ထီးလင်းမြို့ရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဧကမဟာကမ္မဌာန မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာဒိစ္စအား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဝန်ကြီးသည် နံနက် ၈နာရီတွင် ထီးလင်း အခြေခံပညာ အထက်တန်းကျောင်းရှိ အောင်သပြေခန်းမ၌ ထီးလင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ ကျေးလက်လူထုများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်အောင်မြင်နေမှုများ၊ ဆောင်ရွက်အောင်မြင်မှု များသည် လွယ်လွယ်ရရှိခြင်းမဟုတ်ဘဲ တားဆီးပိတ်ဆို့မှု၊ အကူအညီမပေးမှုများကြားက ခက်ခက်ခဲခဲ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရပုံများ၊ ယခုအခါ ရခိုင်ကမ်းလွန်တွင် ဓာတ်ငွေ့သိုက် တူးဖော်ရရှိမှုများ၊ ပြည်သူများကလည်း ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ် အကောင်အထည်ဖော်ရာတွင် စည်းစည်းလုံးလုံးဖြင့် ပါဝင်ကူညီဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ထီးလင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်နှစ်သိန်း၊ မြို့နယ်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာတမ်းမျိုးစုံ၊ ထီးလင်း အခြေခံပညာ အထက်တန်းကျောင်းအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့်ဗလာစာအုပ်များ၊ အကြည်ဘန်းကျေးရွာ မီးဘေးဒုက္ခသည်များအတွက် အဝတ်အထည်မျိုးစုံနှင့် ကျန်းမာရေးဌာနအတွက် ဆပ်ပြာများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝန်ကြီးသည် ထီးလင်းမြို့မှ ဆက်လက်ထွက်ခွာလာရာ နံနက် ၉နာရီခွဲတွင် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာသို့ရောက်ရှိ၍ ယောဒေသ တောင်သားလူမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ထန်းပင်ကုန်းကျေးရွာနှင့် ပုဏ္ဏားကျေးရွာတို့မှ ကျေးလက် ပြည်သူလူထုအားတွေ့ဆုံ ဆွေးနွေးမှာကြားပြီး ထန်းပင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေ ကျပ်တစ်သိန်းနှင့် ကျေးရွာနှစ်ရွာအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ဆပ်ပြာနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ထန်းပင်ကုန်းကျေးရွာအနီးရှိ မောချောင်းတွင် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးသည်။ အဆိုပါ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်လုပ်ငန်းတွင် ရေတားဆည်တမံ အလျားပေ၂၀၀ကို သစ်လုံး၉၀၀ကျော်ဖြင့် ပြုလုပ်ပြီး ၁၅ကီလိုဝပ်အားရရှိမည့် တာဘိုင်စက် တပ်ဆင်မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းတည့် ၁၂နာရီတွင် ထီးလင်းမြို့နယ် ဝက်သက်ကျေးရွာသို့ ရောက်ရှိရာ ယောဒေသ တောင်သားလူမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဝန်ကြီးသည် မူလတန်းလွန်ကျောင်း၌ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပြီး စာသင်ကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်း၊ ကျောင်းသုံးဖတ်စာအုပ်နှင့်ဗလာစာအုပ်များ၊စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းမျိုးစုံနှင့် အဝတ်အထည်များ၊ ဆပ်ပြာများကိုလှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝက်သက်ကျေးရွာတွင် အောင်မြင်စွာ တည်ဆောက်ထားသော ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်နှင့် ရေအားဖြင့် ရေတင်စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို အသေးစိတ်ကြည့်ရှုလေ့လာပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ထီးလင်းမြို့နယ် ဆေးမင်းတောကျေးရွာတွင် ကျေးရွာလူထုနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ရေးကိစ္စတို့ကို မှာကြားကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေပိုင်းတွင် ညောင်လယ်ကျေးရွာနှင့် လယ်မကျေးရွာများသို့ ရောက်ရှိ၍ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဒေသအတွင်း ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေး၊ အလယ်တန်းနှင့် အထက်တန်းပညာကို စဉ်ဆက်မပြတ် သင်ယူနိုင်အောင် ကြိုးစားဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ကျေးရွာစာသင်ကျောင်းအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာတမ်းများ၊ ကျေးရွာ ပြည်သူများအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကို ပေးအပ်လှူဒါန်းသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂန့်ဂေါခရိုင်အတွင်းရှိ ဆောမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်ရှည်သီးပင်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် လျှပ်စစ်စွမ်းအား တိုးချဲ့မြှင့်တင်ရေးအတွက် မြစ်ရေ၊ ချောင်းရေရှိသော ဒေသများတွင် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးတိုက်တွန်းမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖေဖော်ဝါရီ ၇ရက်က ဆောမြို့နယ် ပြည်သူလူထုအတွက် အဝတ်အထည် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပဉ္စမအကြိမ် ဘင်းမ်စတက်အစည်းအဝေးမှ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ကျင်းပသည့် ပဉ္စမအကြိမ် ဘင်းမ်စတက် ကုန်သွယ်ရေး၊ စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၉ရက်ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူး ဦးတင့်သွင်လည်း ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)

ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးမှု သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အတိုင်ပင်ခံကုမ္ပဏီ လီမိတက်မှ Leadership Skills Development Course ကို ဖေဖော်ဝါရီ ဒုတိယပတ်မှ စတင်ပြီး ရုံးချိန် ကျောင်းချိန် ပြင်ပ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ခေါင်းဆောင်မှုပညာရပ်ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါ သင်တန်းအပြင် MBA ဝင်ခွင့် ဖြေဆိုလိုသူများအတွက် GMAT သင်တန်းကိုပါ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ စီးပွားရေးပညာ မဟာဘွဲ့ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်း တက်ရောက်လိုပါက MENTOR BMC အမှတ်(၃၈၉) ဗိုလ်အောင်ကျော် (အထက်)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၁၃၅၈ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)



ဝံသာနု သတင်းလွှာ အတွဲ(၁၃) အမှတ်(၃) ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ထာဝရနိမိတ်ပုံ သင်္ကေတဖြစ်သော ပင်လုံကျောက်တိုင်နှင့်အတူ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ အလှပုံရိပ် မျက်နှာဖုံးဖြင့် အတွဲ(၁၃)၊ အမှတ်(၃) "ဝံသာနု" သတင်းလွှာကို ထုတ်ဝေထားကြောင်း သိရသည်။ **(ဝဲပုံ)** (က-ပ)

ဘုရှ်၏ စီးပွားရေးအလုပ်အကိုင်ဖန်တီးရေးမူဝါဒများ ဒီမိုကရက်တစ်အမတ်ကယ်ရီ ဝေဖန်တိုက်ခိုက်

မင်ဖစ်(အမေရိကန်) ဖေဖော်ဝါရီ ၁၀

အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီသည် ပြီးခဲ့သော တနင်္လာနေ့က ဗာဂျီးနီးယားပြည်နယ်နှင့် တင်နက်ဆီပြည်နယ်များတွင် ရွေးကောက်ပွဲအတွက် မဲဆွယ်မှုများ ပြုလုပ်လျက်ရှိသည်။ ၎င်းကတရားဟောရာ၌ လက်ရှိ အမေရိကန်သမ္မတဘုရှ်၏ စီးပွားရေးဆိုင်ရာဆောင်ရွက်နိုင်မှု အခြေအနေများကို ဝေဖန်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ မက်ဆာချူးဆက်ပြည်နယ်မှ အမတ်တစ်ဦးသည် တောင်ပိုင်းပြည်နယ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရသည့်တိုင်အောင် အနိုင်ရလိမ့်မည်ဟု မျှော်လင့်ထားသည်။

ရှေ့တန်းမှ ပြေးနေသော ဒီမိုကရက်တစ်အမတ်သည် တောင်ပိုင်းကာရိုလိုင်နာတွင် ယှဉ်ပြိုင်ခဲ့စဉ်က မြောက်ကာရိုလိုင်နာအမတ် ဂျွန်အက်ဒဝပ်ကို ရှုံးနိမ့်ခဲ့ရသည်။ သို့ရာတွင် မကြာမီက ပြုလုပ်ခဲ့သော လူထုသဘောထား ကောက်ယူမှုများအရ ၎င်းအပေါ် ဗာဂျီးနီးယားနှင့် တင်နက်ဆီပြည်နယ်များမှ လူထုက ထောက်ခံမှုပိုပေးကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် အထက်ပြည်နယ်နှစ်ခုတွင် ကယ်ရီက အခြေအနေ ကောင်းလိမ့်မည်ဟု မျှော်မှန်းထားသည်။

ပြီးခဲ့သော သီတင်းပတ်အကုန်က ကယ်ရီသည် ပြည်နယ်သုံးခုတွင် အနိုင်ရရှိထားခဲ့သည့်အတွက် အားတက်နေခဲ့သည်။ ၎င်းသည် ဗာဂျီးနီးယားပြည်နယ် ကန္တတ်မြို့ရှိ ခန်းမတစ်ခုတွင် လူ၆၀၀ ခန့်တို့ကို တရားဟောခဲ့သည်။ ကယ်ရီက ယခုသမ္မတလက်ထက်တွင် တွေ့ရသော အမေရိကန်ပြည်သူများ၏ အလုပ်အကိုင်ရရှိမှု အခြေအနေသည် အဆိုးရွားဆုံးဖြစ်သည်။ ယခင်သမ္မတ (၁၁)ဆက်တို့၏ လက်ထက် အခြေအနေများနှင့်နှိုင်းယှဉ်လျှင် အဆိုးရွားဆုံးဖြစ်သည်ကို တွေ့ရကြောင်း ပြောကြားခဲ့သည်။

ယခုတရားဟောရန်လာစဉ် လမ်းမှာ လက်ရှိ သမ္မတဘုရှ်အစိုးရက အစီရင်ခံစာအသစ်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း သိခဲ့ရသည်။ ထိုအစီရင်ခံစာတွင် အစိုးရအနေဖြင့် လာမည့်နှစ်တွင် အလုပ်အကိုင်ပေါင်း ၂ ဒသမ ၅ သန်း ဖန်တီးပေးနိုင်မည်ဟု ထည့်သွင်းဖော်ပြထားသည်။ ယခုအစီရင်ခံစာအသစ်ကို အီရတ်ထောက်လှမ်းရေး အစီရင်ခံစာကို ရေးသားခဲ့သူများကပင် ပြုစုသည်ဟု ကျွန်တော် ခံစားရပါကြောင်း ကယ်ရီက ထည့်သွင်းပြောဆိုသွားသည်။

သမ္မတ၏ အစီရင်ခံစာကို ကယ်ရီက မေးခွန်းထုတ်လိုက်သည်။ သမ္မတသည် ရွေးကောက်ပွဲအချိန်နှင့် ကိုက်၍ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခင်အခါများကလည်း အလုပ်အကိုင်များတိုး၍ ဖန်တီးပေးနိုင်မည်ဟုပင် ဖော်ပြထားခဲ့သည်။ သို့ရာတွင် လက်တွေ့တွင် အလုပ်အကိုင်များ တိုးမလာဘဲ လျော့၍ပင် သွားခဲ့ရသေးသည်ဟု ကယ်ရီက ဆိုသည်။ ***အင်တာနက်။***

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ မူဝါဒကို ကန့်ကွက်သည့်အနေဖြင့် ဖေဖော်ဝါရီ ၇ရက်က ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် စုဝေးဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒေးဗစ်ကယ်လီနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရ၏ မသမာမှု ဘီဘီစီ အကြီးအကဲဟောင်း စာအုပ်တစ်အုပ် ရေးသားဖွင့်ချမည်

လန်ဒန် ဖေဖော်ဝါရီ ၉

ဗြိတိသျှအစိုးရ၏ လက်နက်ကျွမ်းကျင်သူ သေဆုံးမှုနှင့် ပတ်သက်၍ ဟတ်တန်စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာတွင် ဘီဘီစီ၏ စာတည်းအဖွဲ့ လုပ်ငန်းဆောင်ရွက်ပုံနည်းစနစ်နှင့် စီမံခန့်ခွဲမှုတို့ကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီးနောက်ပိုင်း ရာထူးမှ နုတ်ထွက်ခဲ့သော ဘီဘီစီညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက်သည် မိမိဘဝဇာတ်ကြောင်းနှင့် ပတ်သက်၍ စာအုပ်တစ်အုပ် ရေးသားပြုစုရန် သောကြာနေ့က သဘောတူစာချုပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် ဟတ်တန်အစီရင်ခံစာအပြင် အစိုးရနှင့် ဘီဘီစီအကြား ဆက်ဆံရေးနှင့် ပတ်သက်သော မစ္စတာဒိုက်၏ သဘောထားအမြင်တို့ကို အဓိကအားဖြင့် ဖော်ပြဖွယ်ရှိကြောင်း ခန့်မှန်းကြသည်။

မကျေမနပ်ဖြစ်နိုင်

မစ္စတာဒိုက်၏ "ဘီဘီစီမှာ လေးနှစ်တာ" ဇာတ်လမ်းအပြင် ၂၀၀၃ခုနှစ် နောက်ပိုင်း ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်ရုံးသည် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ တစ်စိတ်ကို တစ်အိတ်လုပ်ခဲ့ကြောင်း၊ သတင်းကြေညာချက်နှင့် ပတ်သက်၍ အငြင်းပွားမှုများကြောင့် မကျေမနပ်ဖြစ်နိုင်ကြောင်း အဆိုပါစာအုပ်ကို ထုတ်ဝေမည့် ဟတ်ပါကောလင်းက ပြောကြားခဲ့သည်။

ဟတ်တန်အစီရင်ခံစာတွင် ဘီဘီစီ၏ အဆိုပါ သတင်းပို့ချက်သည် အခြေအမြစ်မရှိကြောင်း ဖော်ပြခဲ့သည်။ ဟတ်ပါကောလင်း ထုတ်ဝေရေးလုပ်ငန်း၏ အမှုဆောင်ချုပ် ဗစ်တိုးရီးယားဘန်စလေက အဆိုပါစာအုပ်ရေးသားပြုစုရန် စီစဉ်ဆောင်ရွက်ခြင်းသည် ကုမ္ပဏီကို အခြားအင်အားကြီးသော ကုမ္ပဏီတစ်ခုက ဝယ်ယူနိုင်သည့် ကြောက်ခမန်းလိလိ အခြေအနေသို့ ဆိုက်ရောက်နိုင်ကြောင်း ပြောကြားသည်။

မစ္စစ်ဗစ်တိုးရီးယားက မိမိသည် လွန်ခဲ့သော လေးနှစ်ကျော်ကတည်းက မစ္စတာဒိုက်၏ ဘီဘီစီ၏ လုပ်ငန်းဆောင်ရွက်ပုံ ပြုပြင်ပြောင်းလဲခဲ့ခြင်းကို လေးစားကြောင်းလည်း ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်စစ်ပွဲ မရှိုးသားသည့် လုပ်နည်းလုပ်ဟန်ဖြစ် ကုလ လက်နက်စစ်ဆေးရေးမှူးဟောင်း ဝေဖန်ပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၉

အီရတ်စစ်ပွဲဆင်နွှဲမှုသည် တရားမျှတကြောင်း အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံများမှ ခေါင်းဆောင်များ၏ ထောက်လှမ်းရေးသတင်း အသုံးပြုမှုသည် မရိုးသားသည့် အရောင်းစာရေးတစ်ဦး၏ လုပ်ငန်းလုပ်ဟန်နှင့်တူကြောင်း ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းစ်ဘလစ်ဇ်က တနင်္ဂနွေနေ့တွင် ပုံနိုင်းနှိုင်း ပြောကြားလိုက်သည်။

ဟန်းစ်ဘလစ်ဇ်က အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံအား ဦးဆောင်၍ မကျူးကျော်မီ နျူကလီးယား၊ ဓာတုနှင့်ဇီဝလက်နက်များ ရှာဖွေရာတွင် အချိန်ပိုမိုပေးရန် တောင်းပန်ခဲ့သည်။ အနောက်အုပ်စုနိုင်ငံများ အနေဖြင့် ၎င်းတို့၏ နိုင်ငံခေါင်းဆောင်များထံမှ ဖော်ပြပါကိစ္စနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပိုမိုရရှိရန် မျှော်လင့်နိုင်သည့် အခွင့်အရေးရှိကြောင်းဘလစ်ဇ်ကပြောကြားသည်။

ဖော်ပြပါ ခေါင်းဆောင်များ၏ ရည်ရွယ်ချက်သည် ဈေးရောင်းသူတစ်ဦးက၎င်းရှိသည့် ရောင်းကုန်ပစ္စည်းအား အရေးပါကောင်းမွန်ကြောင်း ဇီဇာချဲ့ကားပြောကြားရန် ကြိုးပမ်းသည့်နည်းတူ ၎င်းတို့ရရှိထားသော ထောက်လှမ်းရေး သတင်းများကို ပုံကြီးချဲ့ကားသည့်ပုံစံမျိုးဖြစ်ကြောင်း ဘလစ်ဇ်ကဆက်လက်ပြောကြားသည်။

အီရတ်စစ်ပွဲ ပြီးသည့်နောက် ၁၀လနီးပါးကြာမြင့်သည့်အချိန်အထိ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့ ပြောကြားစွပ်စွဲသည့်အတိုင်း ဓာတု၊ ဇီဝလက်နက်များ ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိခဲ့ပေ။

အနောက်အုပ်စုနိုင်ငံများမှ နိုင်ငံရေးသမားများနှင့် ခေါင်းဆောင်များက အဖျက်လက်နက်ဆိုင်ရာ ပိုမိုဖြောင့်မတ်မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိနိုင်မည်ဟု မိမိတို့မျှော်လင့်နိုင်သည်ဟု ထင်မြင်မိကြောင်း ဘလစ်ဇ်ကထပ်လောင်းပြောကြားသည်။

လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်လက်နက်များ ပိုင်ဆိုင်သည့် အီရတ်အစိုးရက နိုင်ငံတကာ ငြိမ်းချမ်းရေးအား တိုးမြင့်၍ ခြိမ်းခြောက်မှု အန္တရာယ်တစ်ရပ်ဖြစ်နေမှုကို တန်ပြန်ဖြေရှင်းရန် စစ်ရေးအရဆင်နွှဲရန်လိုအပ်သည်ဟု ဆောဒကတက်ရင်း သမ္မတဘုရှ်နှင့်ဝန်ကြီးချုပ်ဘလဲတို့က ပြည်သူလူထုအား လှည့်စားခဲ့သည်ဟုတ်၊မဟုတ်နှင့် ပတ်သက်၍ အခြေအတင်ငြင်းခုံမှုများဖြစ်ပွားနေမှုအား ဘလစ်ဇ် ဝေဖန်ပြောကြားမှုက မီးလောင်ရာလေပင့် သလိုဖြစ်စေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ကလေးငယ်များ လက်နက်နှင့်တူသောကစားစရာများ မကိုင်ရန် ကန်နှင့်အပေါင်းပါတပ်ဖွဲ့က တားမြစ်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

အမေရိကန်နှင့် အပေါင်းပါ အာဏာပိုင်အဖွဲ့က အီရတ်ပြည်သူများအား မိမိတို့ကလေးငယ်များအား လက်နက်နှင့်ဆင်တူသော ကလေးကစားစရာများဖြင့် မကစားကြရန် တားမြစ်ရန်တိုက်တွန်းကြောင်း ယခုသီတင်းပတ်ကုန်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်မှာ အပေါင်းပါတပ်ဖွဲ့ဝင်များက ကစားစရာသေနတ်များဖြင့် ကစားနေသည်ကို မိမိတို့အား ခုခံတိုက်ခိုက်မည်ဟု အထင်လွဲမှားမှုများ ဖြစ်ခဲ့ပြီးနောက်ပိုင်း ပေါ်ထွက်လာခဲ့သည်။

ဘဂ္ဂဒက်မြို့အရှေ့တောင်ဘက် ၃၆၅ ကီလိုမီတာအကွာတွင်ရှိသော ဘူမာရွာအနီးတိုက်ဂရစ်မြစ်ကြောင်းတစ်လျှောက် ကင်းလှည့်နေစဉ် ကလေးသူငယ်တစ်စုသည် ကာလပ်စ်ရှင်နော့ဗ်နှင့် ပုံစံတူသော လက်နက်များ ကိုင်ဆောင်ထားသည်ကို တွေ့ရှိခဲ့ရကြောင်း၊ သေချာအောင်စုံစမ်းကြည့်သည့်အခါ အဆိုပါလက်နက်များမှာ ကလေးကစားစရာများသာဖြစ်သည်ကို သိခဲ့ရကြောင်း ဗြိတိသျှတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦး ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆန္ဒပြ

ဖေဖော်ဝါရီ ၉ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် ခါဒီယာမြို့တွင် အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်းမောင်းနှင်စဉ် ဆန္ဒပြနေကြသည့် အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

ကျူးကျော်စစ်ပွဲကြောင့် အီရတ်တို့၏ ဆုံးရှုံးပျက်စီးမှုများ

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့သည် ၂၀၀၃ ခုနှစ် မတ်လ ၂၀ရက်မှစ၍ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီး ယနေ့အထိလည်း ယင်းနိုင်ငံကို ဆက်လက်၍ သိမ်းပိုက်ထားဆဲဖြစ်သည်။ အီရတ်ပြည်သူများသည် ကျူးကျော်သူတို့၏ သိမ်းပိုက်အုပ်စိုးမှုအောက်တွင် ဒုက္ခပင်လယ်ဝေနေရဆဲဖြစ်သည်။ အီရတ်ပြည်သူများ၏ အနာဂတ်ဘဝ မျှော်လင့်ချက်များမှာ ယနေ့တိုင်အောင် မှေးမှိန်နေဆဲဖြစ်သည်။

အီရတ်စစ်ပွဲအတွင်း ဘာဆရာမြို့ မူလတန်းကျောင်းတစ်ကျောင်း၏ အလယ်တည့်တည့်သို့ ကလပ်စတာဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပုံကို တွေ့ရစဉ်။

မြို့တော်ဘဂ္ဂဒက်ကို တိုက်ခိုက်

အီရတ်စစ်ပွဲတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က မြို့တော်ဘဂ္ဂဒက်ကို ခရုဇ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းနေစဉ်။

ကျူးကျော်စစ်ပွဲကြောင့် အီရတ်တို့ဘက်မှ ဆုံးရှုံးပျက်စီးမှုများ

အကြောင်းအရာ	အဆုံးအရှုံး
ကလပ်စတာဗုံးများကြောင့် အီရတ်တို့ သေဆုံးရမှု	၂၇၉ ဦး
အီရတ်စစ်ပွဲအတွင်း အီရတ်ကလေးငယ်များ သေဆုံးရမှု (၂၀၀၃ မတ်လမှ နိုဝင်ဘာလအထိ)	၆၉ ဦး
လေကြောင်း တိုက်ခိုက်ခံရမှုကြောင့် အီရတ်တို့သေဆုံးရမှု (၂၀၀၃ မတ်လမှ စက်တင်ဘာလအထိ)	၁၁၆၉ ဦး
မဆင်မခြင် ပစ်ခတ်ခံရမှုများကြောင့် အီရတ်တို့ သေဆုံးရမှု (၂၀၀၃ ဧပြီလမှ ဒီဇင်ဘာလအထိ)	၁၁၂ ဦး
အီရတ်စစ်ပွဲကာလအတွင်း အီရတ်နိုင်ငံသားများ သေဆုံးရမှု (၂၀၀၃ မတ်လမှ ၂၀၀၄ ဇန်နဝါရီလအထိ)	၉၈၉၆ ဦး
အီရတ်စစ်ပွဲအတွင်း အီရတ်တပ်ဖွဲ့ဝင်များ သေဆုံးရမှု	၁၀၀၀၀ ခန့်
အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ငွေကြေးလိုအပ်ချက်	ဒေါ်လာ၄၉ဒသမ၁ဘီလျံ
ဘဂ္ဂဒက်ပြတိုက်မှ ရှေးဟောင်း ပစ္စည်းများ ပျောက်ဆုံးခဲ့ရမှု	ပစ္စည်းအမျိုးပေါင်း ၃၀၀၀ခန့်

အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် မြို့တော်ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာမြို့ရှိ အိမ်တစ်လုံး ပြိုကျပျက်စီးနေသည်ကို တွေ့ရစဉ်။

ဘဂ္ဂဒက်မြို့ရှိ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်တွင် ခေါင်းပြတ်ကျိုးပဲ့နေသော ရုပ်တုတစ်ခုကို တွေ့ရစဉ်။





အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံ ဘေဂျီမြို့ မြောက်ဘက်တွင် ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်ကျွမ်းနေသည်ကိုတွေ့ရစဉ်။

အီရတ်စစ်ပွဲတွင် အမေရိကန်က လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သားများဘေးလွတ်ရာသို့ထွက်ပြေးကြစဉ်။

ခိုင်ခိုင်မြဲမြဲ လက်တွဲညီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ၂၉ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာ၌ကျင်းပသော ကချင်ရိုးရာဓလေ့ အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲတွင် မနောမြေယံငြိမ်းချမ်းသံ၊ မောင်းသံကိုစွဲမြဲလက်တွဲ စာသားကမ္ပည်းရေးထိုးထားသည့် ငြိမ်းချမ်းရေးခိုင်မြဲစေသည့် ငြိမ်းချမ်းရေးအထိမ်းအမှတ် မင်္ဂလာမောင်းကို တီးခတ်ဂုဏ်ပြုစဉ်။

အင်လုံအင်နန်မှသည်

အင်လုံအင်နန်ကို ကျွန်တော်စိတ်ဝင်စားသည်။

ထိုထက်...အေးမြလတ်ဆတ်သော ညဉ့်ဦးယံအခါသမယ အင်လုံအင်နန်(ကောက်သစ်)စားပွဲတော်ကျင်းပရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မလိခရိပ်သာမြက်ခင်းပြင်မှ လွင့်ပျံလာသည့်ပဲ့တင်သံများကို ပို၍စိတ်ဝင်စားမိဖြစ်သည်။ စင်စစ်အင်လုံအင်နန်သည် ငြိမ်းချမ်းခြင်း၏ နိမိတ်ပုံ။ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည်။ ရင်းနှီးနွေးထွေးမှုကို အစဉ်အမြဲဖြန့်ကြက်ပေးသည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၉ရက်နေ့ ည ၇နာရီ။ ငြိမ်းဖောင်ဒေးရှင်းက ဂုဏ်ပြုတည်ခင်းသည့် ကချင်ရိုးရာဓလေ့အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာမြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) P.N.O ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ကျော်ညိုနှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၇ရက်က လက်ခံတွေ့ဆုံစဉ်။

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်လူကြီးများ၊ ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့်အဖွဲ့ဝင်များ၊ အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင် ဦးလမုန်တူးဂျိုင်နှင့်အဖွဲ့ဝင်များ၊ ငြိမ်းဖောင်ဒေးရှင်းဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာဆဘွဲဂျွမ်နှင့်အဖွဲ့ဝင်များ၊ သိက္ခာတော်ရဆရာများ၊ ခရစ်ယာန်အသင်းတော်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဧင်းပြင် အင်လုံအင်နန် (ကောက်သစ်) ညစာစားပွဲသို့ မွန်ပြည်သစ်ပါတီ၊ ကယန်းပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ကယားပြည်နယ် လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦးတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ကရင်၊ မွန်၊ ချင်း၊ ကယား၊ 'ဝ'တိုင်းရင်းသားငြိမ်းချမ်းရေးအကျိုးတော်ဆောင်များပါ တက်ရောက်ကြရာ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ဆင်နွှဲခဲ့သည့် ပွဲတော်တစ်ခုပါပေ။

အခမ်းအနား၌ ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သီဆိုဖျော်ဖြေသွားသော တေးသီချင်းများကလည်း အနှစ်သာရ ပြည့်ဝလှသည်။ **"ပြည်ထောင်စုရဲ့သွေးချင်းများ"၊ "မြန်မာပြည်ကို ချစ်တဲ့သူတွေ"၊ "ပြည်ထောင်စုနိုင်ငံ"၊ "မြဲလက်တွဲ"**အမည်ရတေးသီချင်းများ။

အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲ အခမ်းအနား၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အောက်ပါအချက်များကို အလေးအနက် ထည့်သွင်းမိန့်ကြားခဲ့သည်-

> **"နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီး မပျက်မယွင်း မပြိုမကွဲစေရဘဲ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြား၊ သမိုင်းအစဉ် အဆက်က ဖြစ်ထွန်းတည်ရှိလာခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီး၏ မိသားစုဘဝ အနှစ်သာရတို့ အစဉ်ထာဝရ တည်တံ့ခိုင်ခံ့စေရအောင် ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်၏ ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒ လမ်းစဉ်ခုနစ်ရပ်ကို ချမှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

မြင့်ခိုး(နတလ)

"တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးကလည်း ယနေ့ ပြည်ထောင်စုကြီးအတွင်း ဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ်တရားများ ဆက်လက်တိုးပွားခိုင်ခံ့စေရေးနှင့် ပြည်ထောင်စုကြီး နိစ္စထာဝရ တည်တံ့ခိုင်မြဲစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်အရင်းခံပြီး နိုင်ငံတော် ရှေ့ဆက်ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ကြီးခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ လက်တွဲကြိုးပမ်း ဆောင်ရွက်ကြပါဟု တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးကို တိုက်တွန်းပြောကြားလိုကြောင်း"။

တိုင်းရင်းသားခေါင်းဆောင်များကလည်း နှစ်သစ်မင်္ဂလာ နှုတ်ခွန်း ဆက်စကားပြောကြားကြသည်။ ဦးလမုန်တူးဂျိုင်က **မိမိတို့သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်၍ လူမျိုးမရွေး၊ ဘာသာမရွေး မိမိတို့အားလုံး စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်း စိတ်ရင်းစေတနာ မှန်ကန်စွာ လက်တွဲပြီး နှစ်သစ်ဆီသို့ ချီတက်ကြပါစို့**ဟု ဖိတ်ခေါ်ကြိုဆိုသွားခဲ့သည်။ ဦးစခုန်တိန့်ယိန်းကလည်း **မိမိတို့ တိုင်းရင်းသားအသီးသီး နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်နေသကဲ့သို့ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများကလည်း တပ်မတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်၍ ပြီးပြည့်စုံသော ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ကြမည်ဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာပေါ်တွင် အသာယာဆုံး၊ အတိုးတက်ဆုံး၊ စည်းလုံးညီညွတ်မှု အကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဟု မမှိတ်မသုန် ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အစိုးရဦးဆောင်လျက် ပြည်သူများ၏ စားဝတ်နေရေး၊ အေးချမ်းသာယာရေးအတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့် အညီ တိုင်းရင်းသား လူမျိုးအားလုံးသည်လည်း အခွင့်အရေးမျှတစွာ ခံစားရမည်ဟု ယုံကြည်ထားပါကြောင်း** ပြောကြားသွားခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☛

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကယန်းပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနိုင်နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၅ရက်က လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။

ကျေးလက်မှသည် ပြည်ထောင်စုကြီးတစ်ခုလုံးအထိ ထူထောင်သွားရမည်

နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ကျေးလက်မှစ၍ တည်ဆောက်ရခြင်းဖြစ်ပြီး ကျေးလက်မှ မြို့နယ်၊ မြို့နယ်မှခရိုင်၊ ခရိုင်မှ ပြည်နယ်/တိုင်း၊ ပြည်နယ်/တိုင်းမှ ဗဟိုအဆင့်ဆင့် တည်ဆောက်ရမည်။ ထို့ကြောင့် အခြေခံအကျဆုံးဖြစ်သော ကျေးလက်ဒေသများမှသည် ပြည်ထောင်စုကြီး တစ်ခုလုံးအထိ ထူထောင်သွားရမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၃၅)သင်တန်းဆင်းပွဲ သြဝါဒမိန့်ခွန်းမှ–

လျှပ်စစ်စွမ်း...

အကြောင်းအရာ
အသုံးပြုယူနစ်သန်းပေါင်း
အမြင့်ဆုံးဝန်အား(မဂ္ဂါဝပ်)
စက်တပ်ဆင်အင်အား(မဂ္ဂါဝပ်)
၂၃၀ကေဗွီဓာတ်အားလိုင်း(မိုင်)
၁၃၂ကေဗွီဓာတ်အားလိုင်း(မိုင်)
ရေအားလျှပ်စစ်စီမံကိန်း
သဘာဝဓာတ်ငွေ့စက်ရုံ
တည်ဆောက်ဆဲ
ဓာတ်အားပေးစက်ရုံစီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်ကိုရယူခဲ့ပြီးနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ခဲ့သည်။ ထို့နောက် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု သတ်မှတ်၍ စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံ၏အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူဦးရေသည် ၇၀ ရာခိုင်နှုန်းရှိသဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများလက်တွဲကြိုးပမ်းခဲ့သဖြင့် တစ်နိုင်ငံလုံးရှိ နယ်စပ်ဒေသများ၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုများ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသော ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုများပေါ်ထွက်နေပြီဖြစ်ရာ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများ၏ ပကတိအရှိတရားများကို ကိန်းဂဏန်းများ၊ ဓာတ်ပုံမှတ်တမ်းများဖြင့် ဝေဝေဆာဆာဖော်ပြအပ်ပါသည်။



ပေါင်းလောင်းရေလှောင်တမံ

ပေါင်းလောင်းရေလှောင်တမံ ရေယူအဆောက်အအုံ Power Intake ဆောက်လုပ်နေသည့် လုပ်ငန်းခွင်မြင်ကွင်း။

မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံတားဖြစ်လာမည့် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ပြီးစီးမှုကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၅ရက်က မုတ္တမဘက်ကမ်းမှ တွေ့ရစဉ်။

လမ်းပန်းဆက်သွယ်ရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၇
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၈၉၇
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း

အကြောင်းအရာ	၁၉၈၈	၂၀၀၄
စပါးထွက်ရှိ(တင်းသန်း)	၆၃၀	၁၀၀၀
စိုက်ပျိုးဖြစ်ထွန်းဧက	–	၂၀၀၀၀၀၀
မြစ်ရေတင်စီမံကိန်း	–	၂၆၅
ဆည်မြောင်းတာတမံ	၁၃၈	၂၉၄
တည်ဆောက်ဆဲတာတမံ	–	၃၉

ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ ဆေးရုံရှိ ပြင်ပလူနာဌာန။

ကျန်းမာရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ဆေးရုံ	၆၃၁	၇၇၄
ဆေးပေးခန်း	၂၄၇	၄၂၉
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၀၄
ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၄
တိုင်းရင်းဆေးခန်း	၉၉	၂၁၄

ကျေးလက်ဒေသဖွံ့ဖြိုးရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
အခြေခံပညာကျောင်း	–	ကျေးရွာငါးရွာတွင် အနည်းဆုံး ကျောင်း၃ကျောင်း
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၀၄
ကျေးလက်အိမ်ရာ	–	၂၇၆
ကျေးလက်ရေရရှိရေး(ရွာ)	–	၅၀၂၄
ကျေးလက်လမ်းမိုင်	–	၃၅၂၉၂
စိုက်ပျိုးမွေးမြူရေး (ကြက်၊ ဝက်)	–	ပြည်နယ်တိုင်းတစ်ခုစီတွင် မြို့နယ်နှစ်ခုမှ လေးခုထိ သတ်မှတ်၍ စခန်း ၃၄ခု

ဖေဖော်ဝါရီ ၈ ရက်က ကော့မှူးမြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းသစ်ဖွင့်ပွဲအခမ်းအနားတွင် အဆောက်အအုံကို တွေ့ရစဉ်။

ပညာရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
အခြေခံပညာကျောင်းပေါင်း	၃၃၇၄၇	၄၀၀၄၉
တက္ကသိုလ်၊ ကောလိပ်	၃၂	၁၅၄
နည်းပညာတက္ကသိုလ်	–	၄
ကွန်ပျူတာတက္ကသိုလ်	–	၂
လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	–	၁
ရေကြောင်းပညာတက္ကသိုလ်	–	၁
နည်းပညာ ကောလိပ်	–	၂၆
ကွန်ပျူတာကောလိပ်	–	၂၄



ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ...
လွိုင်လင်ခရိုင်ရှိ ပင်လုံတက္ကသိုလ်ကို ...

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံ

လျှပ်စစ်စွမ်းအား

အကြောင်းအရာ	၁၉၈၈	၂၀၀၄
အသုံးပြုယူနစ်သန်းပေါင်း	၂၂၂၆.၄၅	၅၀၆၄.၂၀
အမြင့်ဆုံးဝန်အား(မဂ္ဂါဝပ်)	၃၀၀	၈၀၀
စက်တပ်ဆင်အင်အား(မဂ္ဂါဝပ်)	၇၀၆.၈၂	၁၂၁၉.၈၁
၂၃၀ကေဗွီဓာတ်အားလိုင်း(မိုင်)	၆၀၀	၈၅၀
၁၃၂ကေဗွီဓာတ်အားလိုင်း(မိုင်)	၇၉၀	၁၁၆၅
ရေအားလျှပ်စစ်စီမံကိန်း	–	၂၈
သဘာဝဓာတ်ငွေ့စက်ရုံ တည်ဆောက်ဆဲ	–	၆
ဓာတ်အားပေးစက်ရုံစီမံကိန်း	–	၁၁

...င်းရေလှောင်တမံ

...တမံ ရေယူအဆောက်အအုံ Power ...ည့် လုပ်ငန်းခွင်မြင်ကွင်း။

...စိုက်ပျိုးရေးနှင့် ...ည်မြောင်း

	၁၉၈၈	၂၀၀၄
	၆၃၀	၁၀၀၀
	–	၂၀၀၀၀၀၀
	–	၂၆၅
	၁၃၈	၂၉၄
	–	၃၉

...န်းမာရေး

	၁၉၈၈	၂၀၀၄
	၆၃၁	၇၇၄
	၂၄၇	၄၂၉
	၁၃၃၇	၁၄၀၄
	၆၄	၈၄
	၉၉	၂၁၄

ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်ရှိ ပင်လုံတက္ကသိုလ်ကို တွေ့ရစဉ်။

ကျေးလက်လုပ်ငန်းစဉ် ငါးရပ်ကို အကောင်အထည်ဖော်လျက်ရှိရာ မကွေးတိုင်း မကွေးမြို့နယ် နတ်ရေကန်ကျေးရွာတွင် စက်ယန္တရားကြီးများဖြင့် လေးလက်မစက်ရေတွင်းကို တူးဖော်နေစဉ်။

စွမ်းအင်

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ရေနံစိမ်း (စည်ထောင်ပေါင်း)	၄၂၉၉	၇၇၁၀
ရေနံပိုက်လိုင်းမိုင်(ကုန်းတွင်း)	၁၇	၇၀
ဓာတ်ငွေ့ပိုက်လိုင်းမိုင်(ကုန်းတွင်း)	၃၉၁	၁၄၀၁
ဓာတ်ငွေ့ပိုက်လိုင်းမိုင်(ကမ်းလွန်)	–	၄၂၅
ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ	၁၃	၁၈

ဧရာဝတီတိုင်း ညောင်တုန်းဒေသ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်းတွင်းသစ်အမှတ်(၁၉)မှ သဘာဝဓာတ်ငွေ့နှင့် လေဆီများထွက်ရှိမှုကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။

စက်မှုလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
နိုင်ငံပိုင်စက်ရုံများ	၅၆၇	၇၂၃
သမဝါယမပိုင်စက်ရုံများ	၁၃၉	၁၅၇
ပုဂ္ဂလိကစက်ရုံများ	၃၉၁၅၉	၄၄၇၄၉
လယ်ယာကုန်ထုတ်စက်ရုံများ	၁၅၃	၁၈၉

စက်မှုဇုန်(၁၉)ဇုန်

စဉ်	စက်မှုဇုန်အမည်	စဉ်	စက်မှုဇုန်အမည်
၁။	မန္တလေး	၁၁။	မုံရွာ
၂။	မြင်းခြံ	၁၂။	ပဲခူး
၃။	ရန်ကုန်အရှေ့ပိုင်း	၁၃။	တောင်ကြီး-အေးသာယာ
၄။	ရန်ကုန်အနောက်ပိုင်း	၁၄။	ရေနံချောင်း
၅။	ရန်ကုန်တောင်ပိုင်း	၁၅။	ပုသိမ်
၆။	ရန်ကုန်မြောက်ပိုင်း	၁၆။	မြိတ်
၇။	မိတ္ထီလာ	၁၇။	ပြည်
၈။	မြောင်းမြ	၁၈။	ပခုက္ကူ
၉။	ဟသ်ာတ	၁၉။	ကလေး
၁၀။	မော်လမြိုင်		

စက်မှုလယ်ယာ

ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများ
လက်တွန်းထွန်စက်
ရိတ်သိမ်းခြွေလှေ့စက်
လယ်ထွန်စက်
ရေစုပ်စက်
ထော်လာဂျီ
ထယ်သွား၊ထွန်သွား
နောက်တွဲယာဉ်
လယ်သမားသုံးကိရိယာများ

ပြန်ကြားရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ	၁၅	၁၆၆
ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်များ	၁၀၀	၃၆၀
စာကြည့်တိုက်များ(ကိုယ့်အားကိုယ်ကိုး)	–	၁၇၈၂
ကိုယ်ပွားသတင်းစာတိုက်များ		
မန္တလေး	–	၁
တောင်ကြီး	–	၁
မကွေး	–	၁
ကျိုင်းတုံ	–	၁
ကလေး	–	၁
မြစ်ကြီးနား	–	၁
စစ်တွေ	–	၁

ရန်ကုန်မြို့ MICT Park အတွင်း ရှိ Bagan Cyber tech ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် တာဝါတိုင်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ ဖြိုး တိုးတက်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) ရှိ ပန်ဆန်း (ပန်ခမ်း)မြို့ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခဲ့သည်။



ဆက်သွယ်ရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
စာတိုက်စခန်း	၁၁၁၅	၁၃၀၇
ကြေးနန်းစခန်း	၃၁၀	၄၆၀
တယ်လီဖုန်းလိုင်း	၆၇၀၁၆	၃၄၂၃၁၇
ဆယ်လ်လူလာတယ်လီဖုန်းစနစ်	–	၈၅၀၀
Digital European Cordless Telecommunication System	–	၂၇၀၀
CDMA တယ်လီဖုန်း Fixed	–	၁၈၂၅၀
Mobile	–	၁၁၈၀၀
GSM Mobile	–	၂၁၉၀၀

နယ်စပ်ဒေသဖွံ့ဖြိုးရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
မြေလမ်း (မိုင်)	–	၂၇၄၈
ကျောက်ခင်းလမ်း (မိုင်)	–	၁၅၇၈
ကတ္တရာလမ်း (မိုင်)	–	၂၉၇
တံတား(အကြီး)	–	၄၂
ဆေးရုံ	–	၅၂
အခြေခံပညာကျောင်း	–	၇၈၂
ရေရရှိရေး(ကျေးရွာ)	–	၇၇၆၀

မန္တလေးတိုင်း ကျောက်ဆည် မြို့နယ် ကျောက်ဆည် စက်မှုနယ်မြေရှိ အမှတ်(၂)ဆင်မင်း ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးမိသားစုတို့က နေအိမ်၌ တနင်္သာရီတိုင်းမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား မိသားစု ထမင်းဝိုင်းဖြင့် ရင်းရင်းနှီးနှီး ညှော်ခံစဉ်။ (ရန်ကုန်တိုင်း)

❍ ပြည်ထောင်စုနေ့မှ

မိသားစုတို့က ၎င်းတို့၏နေအိမ်၌ တနင်္သာရီတိုင်းမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် ငါးဦးတို့အား မိသားစုထမင်းဝိုင်းဖြင့် ရင်းရင်းနှီးနှီး ညှော်ခံကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး မိသားစုတို့က အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များက ဒေသထွက်ပစ္စည်းများကိုဂါရဝပြုပြန်လည်ပေးအပ်ကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ စစ်ဗျူဟာမှူးများနှင့် အရာရှိများက ၎င်းတို့၏ နေအိမ်အသီးသီး၌ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ် ၇၁ဦးတို့အား မိသားစု ထမင်းဝိုင်းများဖြင့် တည်ခင်းညှော်ခံပြီး အမှတ်တရပစ္စည်းများ ပေးအပ်ကြသည်။
(သတင်းစဉ်)

(၅၇)နှစ်မြောက်မှ

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်ပြီး နံနက် ဖ နာရီ ၅၇မိနစ်တွင် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ဖြတ်သန်းသယ်ဆောင်

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကိုရန်ကုန်မြောက်ပိုင်းခရိုင်မှော်ဘီမြို့နယ် အားကစားကွင်းမှ ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းသို့ ပြည်ထောင်စုလှေဖြင့် ရန်ကုန်-ပြည်လမ်းအတိုင်း ထောက်ကြံ့လမ်းဆုံအထိ လည်းကောင်း၊ ထိုမှတစ်ဆင့် အမှတ်(၁)လမ်းမကြီးအတိုင်း ခရေပင်လမ်းဆုံအထိလည်းကောင်း၊ ထိုမှတစ်ဆင့် ခရေပင်လမ်းအတိုင်း တည်ငးကုန်းအုတ်စက်လမ်းဆုံအထိ လည်းကောင်း၊ ထိုမှတစ်ဆင့် အောက်မင်္ဂလာဒုံလမ်းမကြီးနှင့် ဘုရင့်နောင်လမ်းမကြီးအတိုင်း လှိုင်မြစ်လမ်းဆုံအထိ လည်းကောင်း၊ ထိုမှတစ်ဆင့် လှိုင်မြစ်လမ်းအတိုင်း အောင်ဇေယျတံတားကြီးကို ကျော်ဖြတ်ပြီး ညောင်တုန်းလမ်းနှင့် တပင်ရွှေထီးလမ်းတို့အတိုင်း ရန်ကုန်-ပုသိမ်လမ်းမကြီးအနီးရှိ လှိုင်သာယာ စက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်းပေါ်ရှိရန်ကုန်အနောက်ပိုင်းခရိုင် ကြိုဆိုရေးမုခ်ဦးအထိလည်းကောင်း ဖြတ်သန်းသယ်ဆောင်ကြသည်။

ဂုဏ်ပြုကြိုဆို

ပြည်ထောင်စုနေ့ အလံတော် ဖြတ်သန်းသယ်ဆောင်ရာ လမ်းတစ်လျှောက်တွင် မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ အပါအဝင် ထောင်ပေါင်းများစွာသော ပြည်သူများက နိုင်ငံတော်အလံများနှင့် ရောင်စုံအလံများ စိုက်ထူ၍လည်းကောင်း၊ "(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏" စာတန်းပါ လမ်းဖြတ်ဆိုင်းဘုတ်များဖြင့်လည်းကောင်း၊ နိုင်ငံတော်အလံငယ်များဝှေ့ယမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်အကများ၊ တိုင်းရင်းသားရိုးရာအကများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ လှိုက်လှဲစွာဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု လှိုင်သာယာမြို့ ကြိုဆိုရေးမုခ်ဦးသို့ နံနက် ၈နာရီခွဲတွင် ရောက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ပြည်ထောင်စုနေ့ အလံတော်ကို အလေးပြု၍ နှုတ်ယူပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလျက် သယ်ဆောင်ကာ ကြိုဆိုရေးမုခ်ဦးထိပ်တွင် အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမင်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထိုအချိန်တွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များနှင့် ပန်းဖွားအကအဖွဲ့များက ဘင်ခရာများ တီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကများဖြင့် လည်းကောင်း၊ စေတနာသမ္မာရဝတ်အသင်း စည်တော်အဖွဲ့က စည်တော်ရွှမ်း၍ လည်းကောင်း ပြည်ထောင်စုနေ့ အလံတော်ကို ဂုဏ်ပြုကြိုဆိုကြသည်။

သောင်းသောင်းဖြဖြကြိုဆို

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမင်းထံမှတစ်ဆင့် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုံး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့တို့က ကနောင်မင်းသားကြီးလမ်း၊ မင်းကြီး မဟာမင်းခေါင်လမ်းနှင့် မြင်းဝန် ဦးအောင်သူလမ်းအတိုင်း အဆင့်ဆင့်လက်ဆင့်ကမ်း၍လှိုင်သာယာမြို့နယ် အားကစားကွင်းသို့ သယ်ဆောင်ကြရာ လမ်းဘေးဝဲယာ တစ်လျှောက် ပြည်သူများက ပြည်ထောင်စုနေ့အလံတော်ကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အားကစားကွင်းအတွင်း သတ်မှတ်နေရာအရောက်တွင် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုးက ရန်ကုန်အနောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ ပြည်ထောင်စုနေ့ အလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ငွေဖလား၌ စိုက်ထူ

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာပြီး နံနက် ၈နာရီမိနစ်၅၀တွင် လှိုင်သာယာမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များနှင့် လှိုင်သာယာမြို့နယ်တို့မှ တက်ရောက်လာကြသော ပြည်သူလူထု အင်အား ၈၀၀၀ ကျော်တို့က ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုနေ့ အလံတော်ကို အလေးပြုကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

အထူးစည်ကား

လှိုင်သာယာမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ တစ်ညတာ ရပ်နားလျက်ရှိသော ပြည်ထောင်စုနေ့ အလံတော်ကို ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ မြို့နယ်များအလိုက် စနစ်တကျ လာရောက် အလေးပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကြည့်ရှု

အလားတူ အားကစားကွင်းအတွင်း၌ ညပိုင်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ရုပ်ရှင်သတင်းကားများနှင့် မြန်မာရုပ်ရှင်ဇာတ်လမ်းများ၊ မြဝတီအငြိမ့်နှင့် မြန်မာ့ရိုးရာ ဆိုင်းဝိုင်းတို့ဖြင့် ဖျော်ဖြေကြသည်။ ထို့အပြင် ပြည်ထောင်စုနေ့ ပြပွဲအဖြစ် ဝန်ကြီးဌာန အသီးသီးက အသိပညာပေးပြခန်းများ၊ အရောင်းဆိုင်ခန်းများ ဖွင့်လှစ်ပြသ ရောင်းချပေးလျက်ရှိရာ လာရောက်ကြည့်ရှု လေ့လာ ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ (သတင်းစဉ်)

စမ်းချောင်းလမ်းတွင် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကျေးဇူးရှင် လယ်တီဆရာတော်၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်ပေးတရားတော်ကြီးကို ဆရာဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် ဖေဖော်ဝါရီ ၁၅ရက်မှ ၂၄ရက်အထိ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီထိ ဓမ္မဒါန ပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပုပ္ပားကျောင်းဆရာတော် ဝိဇာတမင်္ဂလာအလှူ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း ထောက်ကြံ့ ပုပ္ပားကျောင်းနာယက ဦးပဏ္ဍိစ္စ၏ သက်တော်(၆၈)နှစ်ပြည့် ဝိဇာတမင်္ဂလာအလှူအဖြစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် ရန်ကုန်မြို့ ဓိဝိတဒါန သံဃာ့ဆေးရုံနှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ဆေးပဒေသာပင်၊ ရန်ကုန်မဟာစည်ရိပ်သာ ဟိတေသီအဖွဲ့၌ ဆွမ်းပဒေသာပင်၊ ရွှေဂုံတိုင် ကလေးပြုစုရေးနှင့် ထောက်ကြံ့ ကလေးပြုစုရေးဌာနတို့တွင် ထာဝရငွေပဒေသာပင် လှူဒါန်းပြီး စာသင်တိုက်မှ စာသင်သားသာမဏေအပါး ၇၀ တို့အား ဆွမ်းနှင့် လှူဖွယ်များ လောင်းလှူမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် သာမဏေ တစ်ပါးအတွက် ကျပ်သုံးထောင်နှုန်းဖြင့် ပုပ္ပားကျောင်း ဖုန်း-၆၀၀၀၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၇) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နာဂလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းကို လေ့လာနိုင်မည့် နာဂယဉ်ကျေးမှုပြတိုက် ခန္တီးမြို့အနီးတွင် ဖွင့်လှစ်၊ မြန်မာ့သဘာဝဓာတ်ငွေ့ အိန္ဒိယကဝယ်ကာ မြန်မာဘက်သို့ ပြန်သွင်းမည်၊ ဂြိုဟ်တုပိုက်ဆံလိုင်းများကို အခမဲ့ ကြည့်ရှုနိုင်သည့် သင်္ကေတသွင်းဖမ်းစက်များ ဈေးကွက်တွင် စတင်ရောက်ရှိ၊ ခေါင်မိုးပေါ်သို့ ကျောက်ခဲများကျသည့် ဖြစ်ရပ်ဆန်း ရွှေပြည်သာမြို့နယ်တွင်းဖြစ်ပေါ် အစရှိသည့် ပြည်တွင်းရေးရာ သတင်းဆဲဝေဆာဆာဖြင့် ထွက်ရှိလာသည်။**(အပေါ်ဝဲပုံ)**

နိုင်ငံတကာ မျက်မှောက်ရေးရာ သတင်းဆောင်းပါးများအပြင်၊ လူမှုရေး၊စီးပွားရေး၊ကျန်းမာရေး၊အားကစားနှင့် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားကြောင်း သိရသည်။
(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထိမ်းအမှတ်ဇာတ်လမ်း "ရင်နှစ်သည်းချာ" (အကယ်ဒမီကျော်သူ၊ အကယ်ဒမီ ခင်ဇာခြည်ကျော်၊ ရဲအောင်၊ ချောချစ်) (ဒါရိုက်တာ မောင်နှင်းမိုး၊)**
၈:၂၃ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၂၄ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Scope and Method of Social Psychology (ပထမနှစ်စိတ်ပညာ)
၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြု ဒို့ရေးရှု
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်လေပြည်" အပိုင်း(၁၅)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လီပုနှင့် သောင်းချမ်" အပိုင်း(၂၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ်မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်၊(သတင်းစဉ်)

☆ ကချင်ပြည်နယ်မှ

နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဝင်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကချင်ပြည်နယ်မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြစ်ကြီးနားခရိုင်နှင့် မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို၍ ဖွင့်လှစ်လိုက်သည့် မိုးကောင်းတံတားသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နန့်ကောင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားပြီး ၉၄၅ ပေရှည်ကြောင်း။

ယခင်က မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်းတို့မှ ကချင်ပြည်နယ်ကို ဆက်သွယ်သွားလာလျှင် အဓိကအားဖြင့် မီးရထားလမ်းကြောင်းကိုသာ မှီခိုအားထားရကြောင်း၊ လေကြောင်းလိုင်းရှိသော်လည်း ပြည်သူအများကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် အကန့်အသတ်များရှိသည့်အတွက် ရထားလမ်းကြောင်းဖြင့်သာ ကုန်စည်နှင့်ခရီးသည်များ သယ်ပို့ရခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရထားလမ်းကြောင်းပိတ်သွားလျှင် ကုန်စည်ပစ္စည်းများပြတ်သွားပြီး ကုန်ဈေးနှုန်းတက်ခဲ့ရသည်ကို ကချင်ပြည်နယ်မှ ပြည်သူများ ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုအရ ရွှေဘို-မြစ်ကြီးနား ကားလမ်းကို တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၆ခုနှစ်တွင် ရွှေဘို-မြစ်ကြီးနားကားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မဟာဗျူဟာလမ်းမကြီးအဖြစ် ခိုင်ခိုင်မာမာ စတင်ထွက်ပေါ်လာခဲ့ပြီး ပြည်သူအများသွားလာသုံးစွဲနိုင်ခဲ့ကြောင်း။

ကားလမ်းပေါက်သွားသော်လည်း ဤနေရာ၌ တံတားသီးခြား မတည်ဆောက်နိုင်သေးသဖြင့် မိုးကောင်းရထားတံတားကိုပင် ကားတံတားအဖြစ် ပူးတွဲသုံးစွဲခဲ့ရကြောင်း၊ ယခု မိုးကောင်းကားလမ်းတံတားသစ်ကို သီးခြားတည်ဆောက်ပြီးစီးသည့်အတွက် ခရီးသွားလာမှု ပိုမိုချောမွေ့မြန်ဆန်သွားမှာဖြစ်ကြောင်း။

တစ်ဖက်မှ ရွှေဘို-မြစ်ကြီးနားကားလမ်းတိုးတက်ကောင်းမွန်အောင် လိုအပ်သည်များ ပြုပြင်တိုးချဲ့တည်ဆောက်နေသကဲ့သို့ ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်း၌လည်း သပိတ်ကျင်း-တကောင်း-ဗန်းမော်-မြစ်ကြီးနားကားလမ်းသစ်ကို ထပ်မံဖောက်လုပ်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်မှာ ပြည်သူအားလုံးအသိပင် ဖြစ်ကြောင်း။

ထို့ကြောင့် ကချင်ပြည်နယ်အတွက် ကုန်းလမ်းထွက်ပေါက်လမ်းကြောင်းများအဖြစ် ရွှေဘို-မြစ်ကြီးနားလမ်းအပြင် မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနား ကားလမ်းသည်လည်း အခိုင်အမာဖြစ်ပေါ်နေပြီဖြစ်သဖြင့် လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ယခင်ကနှင့်မတူ ပိုမိုတိုးတက် ကောင်းမွန်ချောမွေ့နေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ကချင်ပြည်နယ်နှင့် အခြား ပြည်နယ်/တိုင်းများ အပြန်အလှန်ဆက်သွယ်သွားလာနိုင်အောင် လမ်းမကြီးများ ဖော်ထုတ်တည်ဆောက်ခဲ့သလို ပြည်နယ်အတွင်း ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုအဆင်ပြေရေးအတွက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်း၊ နမ္မတီး-တနိုင်း-နန်းယွန်းကားလမ်း၊ မိုးကောင်း-ဖားကန့်-ဖားလမုန်း-ခန္တီးကားလမ်းတို့ကို ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိကြောင်း၊ ဤလမ်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့်အတူ တပ်မတော်သားများသည်လည်း မိမိတာဝန်ယူနိုင်သည့် လမ်းပိုင်းအလိုက် ဝင်ရောက်ပူးပေါင်း ပါဝင်တည်ဆောက်လျက်ရှိကြောင်း။

ဤလမ်း၊ ဤတံတားများကောင်းမှုလည်း ရေ၊ မြေ၊ သယံဇာတ အခြေခံကောင်းများရှိသည့် ကချင်ပြည်နယ်သည် အရှိန်အဟုန်ရှိရှိ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ ယခုမိုးကောင်းတံတား အပါအဝင် ကချင်ပြည်နယ်၌ တည်ဆောက်ပြီးစီးခဲ့သည့် တံတားများကို ပြန်ကြည့်လျှင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ တနိုင်းတံတား၊ တာပိန်တံတား၊ တဘက်ချောင်းတံတား၊ ဟိုပင်တံတား စသည်ဖြင့် တံတားကြီးပေါင်း ၁၀စင်း တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ မော်တော်ကားလမ်းများ အသစ်ဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ လမ်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း ပြုလုပ်နေသကဲ့သို့ လေကြောင်းလိုင်းတွင်လည်း မြစ်ကြီးနားလေယာဉ်ကွင်း၊ ပူတာအိုလေယာဉ်ကွင်း၊ ဗန်းမော်လေယာဉ်ကွင်းတို့ကို အဆင့်မြှင့်တင်ပြုပြင်လျက်ရှိကြောင်း။

ယခင်က မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏အရှေ့ဘက်ခြမ်း၌သာ တောင်နှင့်မြောက် သွယ်တန်းလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံးကို ဆက်သွယ်မိစေရန် မော်တော်ကားလမ်းများ၊ ရထားလမ်းများကို ကွန်ရက်သဖွယ်တိုးချဲ့ ဖောက်လုပ်ပေးခဲ့သည့်အပြင် လိုအပ်သော နေရာတိုင်း၌ မြစ်ကူးတံတားကြီးများကိုပါ တစ်ဆက်တည်း တည်ဆောက်ပေးခဲ့ကြောင်း၊ အသစ်ဖောက်လုပ်ခဲ့သော ကားလမ်းများသည် နိုင်ငံနှင့်အဝန်း ပြည်ထောင်စုလမ်းမကြီးများအသွင် ဖြစ်ပေါ်လာပြီး ယခင်ကကဲ့သို့ နီးလျက်နှင့် ဝေးရသော အခြေအနေမှ တိုင်းရင်းသား လူမျိုးအားလုံး ဒေသမရွေး ချစ်ကြည်စွာ ကူးလူးဆက်သွယ်နိုင်သည့် အခြေအနေများဖြစ်ပေါ်ခဲ့ပြီးဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် ဒေသအားလုံး ရေခြား၊ မြေခြားမဖြစ်ရအောင် ပထဝီအနေအထားကို ဆက်စပ်ပေးနိုင်ခဲ့ကြောင်း၊ တိုင်းရင်းသားချင်း နီးစပ်ရင်းနှီးမှုရှိလာ၍ တစ်ဦး၏ အတွေးနှင့်ခံစားချက်ကို တစ်ဦးက ရရှိခံစားနိုင်ပြီး တစ်ရေတည်း၊ တစ်မြေတည်း၊ တစ်သွေးတည်းဖြစ်အောင် တည်ဆောက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုအပိုင်းကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသကဲ့သို့ ကချင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မား

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားဖွင့်ပွဲတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုးတက်လာရေးအတွက်လည်း လိုအပ်သည့်အခြေခံများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

မြစ်ကြီးနားမြို့အပြင် အချက်အချာကျသော ဒေသများဖြစ်သည့် ဗန်းမော်နှင့် မိုးညှင်းမြို့တို့၌လည်း လိုအပ်သည့် တက္ကသိုလ်၊ကောလိပ်များ ဖွင့်လှစ်တည်ဆောက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍ၌လည်း ကချင်ပြည်နယ်အတွင်း ခုတင်၃၀၀ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင်၂၀၀ဆံ့ ခရိုင်ဆေးရုံတစ်ရုံ၊ ခုတင်၁၀၀ဆံ့ဆေးရုံတစ်ရုံ၊ ခုတင်၅၀ဆံ့ ဆေးရုံငါးရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံသုံးရုံ၊ ၂၅ ခုတင်ဆံ့ မူးယစ်ဆေးဝါးစွဲရောဂါကုဆေးရုံတစ်ရုံ၊ ၁၆ခုတင်ဆံ့ဆေးရုံ ၃၀တို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အပြင် သားဖွား သင်တန်းကျောင်းနှင့် သူနာပြု သင်တန်းကျောင်းတို့ကိုပါ ဖွင့်လှစ်ပေးထားခဲ့ပြီးဖြစ်ကြောင်း။

ကချင်ပြည်နယ်၌ ယခုကဲ့သို့ လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများကို အဖြစ်နိုင်ဆုံး ကြိုးစားဖန်တီးတည်ဆောက်ပေးခဲ့သည့်အတွက် ကချင်ပြည်နယ်သည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း။

စိုက်ပျိုးမြေ ဧရိယာအနေဖြင့် ကြည့်မည်ဆိုလျှင် ယခင်က အသားတင်စိုက်ပျိုးမြေ ဧက ၃၆၀၀၀၀ ခန့်ရှိရာမှ ယခုအခါဧက ၅၆၀၀၀၀ ကျော်အထိ တိုးချဲ့လာနိုင်သလို ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း။

စိုက်ပျိုးရေရရှိရေး လုပ်ငန်းအပိုင်းတွင် ယခင်က ဆည်တမံ(၃)ခုသာရှိခဲ့ရာမှ ယခုအခါ ဆည်တမံခြောက်ခု၊ ရေလွှဲဆည်လေးခု၊ မြစ်ရေတင်စခန်း နှစ်ခုအထိ တိုးချဲ့တည်ဆောက် ထားပြီးဖြစ်ကြောင်း၊ ယခင်က ဒေသဆန်မဖူလုံဘဲ ဆန်လိုဒေသဖြစ်ခဲ့သည့် ကချင်ပြည်နယ်သည် ဒေသဝမ်းစာ ဆန်စပါးဖူလုံရုံသာမက ပိုလျှံမှုများ ရှိလာပြီဖြစ်ကြောင်း။

ကချင်ပြည်နယ် တစ်ခုလုံးအနေဖြင့် ၁၉၉၈-၁၉၉၉ ခုနှစ်တွင် ဆန်စပါးစတင်ဖူလုံစ ပြုလာပြီး ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၁၁၂ ရာခိုင်နှုန်းအထိ ဝမ်းစာစပါးဖူလုံမှု ရာခိုင်နှုန်း မြင့်မားတိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအလိုက် တိုးတက်အောင်မြင်မှု အသီးအပွင့်များ ပေါ်ထွက်လာ-အောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း ကချင်ပြည်နယ်၌ အေးချမ်းတည်ငြိမ်မှု ရရှိပြီး တရားဥပဒေ စိုးမိုးလွှမ်းခြုံနေ၍ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များသည်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ ပူးပေါင်းပြီး ဦးထမ်းပဲ့ထမ်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်မှုချုပ်ငြိမ်းပြီး ယခုကဲ့သို့ တိုင်းရင်းသား ညီအစ်ကိုသွေးချင်းများအကြား နားလည်မှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့သည့်အတွက် ငြိမ်းချမ်းမှုနှင့် ပူးပေါင်းမှုတို့၏ ကောင်းကျိုးရလဒ်များကို ကချင်ပြည်နယ်သားများ လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

ယခင်ကတည်းက ပြည်နယ်နှင့်တိုင်း၁၄ခုနှင့် ဖြစ်တည်နေခဲ့သည့် နိုင်ငံတော်အတွင်းနေရာတိုင်း၊ ဒေသတိုင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံရင်းနှီးချစ်ကြည်စွာ တစ်သားတည်းအတူတကွ စုစည်းနေထိုင်လာခဲ့ကြကြောင်း၊ ဥပမာ-ကချင်ပြည်နယ်အတွင်းမှာဆိုလျှင်လည်း ဗမာ၊ ဂျင်းဖော၊ ရှမ်း၊ လီဆူး၊ လောဝေါ် တို့အပါအဝင် လူမျိုးနွယ်စု ၅၀ကျော် အခြေချ နေထိုင်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်သည့် တိုင်းရင်းသားများသည် အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကာကွယ်ကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ လမ်းမကြီးများ၊ တံတားကြီးများ ပေါ်ထွန်းလာသည်နှင့်အတူ ပြည်ထောင်စုနယ်မြေ ဒေသအားလုံးနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိလာပြီဖြစ်သည့်အတွက် ကချင်ပြည်နယ်ရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ ကမ္ဘာတည်သရွေ့ အမိပြည်ထောင်စု နိုင်ငံတော်ကြီး ထည်ထည်ဝါဝါ တည်တံ့ခိုင်မြဲအောင် လက်တွဲပူးပေါင်း စွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း၊ မိုးကောင်းတံတားကို တာဝန်ယူတည်ဆောက်သူများ၊ ဝိုင်းဝန်းအထောက်အကူပြုသူများ၊ ကြီးကြပ်ကွပ်ကဲသူအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ⇨

➪ စာမျက်နှာ ၁၁ မှ

ကချင်ပြည်နယ်၌ လမ်းပိုင်းအားဖြင့် ၁၉၈၈ခုနှစ်တွင် ၁၄၇၁မိုင်သာရှိခဲ့ပြီး ယခု၁၅၉၆မိုင်ရှိလာ၍ ၁၂၅မိုင်တိုးတက်ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း။

တံတားတည်ဆောက်မှုတွင်လည်း ပေ၁၈၀နှင့်အထက် ဆောက်လုပ်မှု၌ ဤတံတားသည်ကချင်ပြည်နယ်အတွက် ၁၀ စင်းမြောက် တည်ဆောက်ဖွင့်လှစ်နိုင်သည့် တံတားဖြစ်ကြောင်း၊ မိုးကောင်းတံတားကို တစ်နှစ်ခွဲဖြင့် အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်း လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ပြည်မနှင့် ဆက်သွယ်သွားလာရာ၌ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းကရော အနောက်ဘက်ခြမ်းကပါ လမ်းနှစ်သွယ်ဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများကလည်း လမ်း၊တံတားများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကား ပြောကြားရာ၌ ကချင်ပြည်နယ်သည် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့နှင့် ဆက်သွယ်သွားလာရာတွင် ယခင်ကမီးရထားလမ်းကိုသာ အဓိက အားကိုးနေခဲ့ရကြောင်း၊ ၁၉၈၈ခုနှစ်နောက်ပိုင်း ရွှေဘို–မြစ်ကြီးနားကားလမ်းပိုင်းကို ရာသီမရွေးသွားနိုင်သည့် အမာခံလမ်းအဖြစ် တည်ဆောက်ပေးခဲ့ကြောင်း။

ရွှေဘို–မြစ်ကြီးနားလမ်းပေါ်တွင် မိုးကောင်းတံတားသည် အဓိကကျ အရေးပါသည့် တံတားကြီးတစ်စင်း ဖြစ်ကြောင်း၊ ကားကူးတံတား မတည်ဆောက်မီက မီးရထားတံတားပေါ်မှ ကားရော၊ ရထားပါဖြတ်သန်းသွားခဲ့ကြရကြောင်း။

ယခုအခါ နှစ်လမ်းမောင်း တံတားသစ်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ အန္တရာယ်ကင်းစွာဖြင့် တနိုင်း၊ ပူတာအိုဒေသများသို့လည်းကောင်း၊ ဧရာဝတီမြစ်အရှေ့ခြမ်း၊ အနောက်ခြမ်းကိုလည်းကောင်း လွယ်ကူစွာဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ အချိန်တိုအတွင်း ဤတံတားကြီး တည်ဆောက်ပြီးစီးခြင်းမှာ တံတားအဖွဲ့(၁၅)မှ ဝန်ထမ်းများ၏ စွမ်းစွမ်းတမံ ကြိုးပမ်းတည်ဆောက်မှုကြောင့် ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ရွှေဘို–မြစ်ကြီးနားလမ်းပေါ်ရှိ တံတားကြီးများကို ဆက်တိုက် တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း၊ အခြားလိုအပ်သည့် တံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ တံတားများနည်းတူ လမ်းများ တိုးတက် ကောင်းမွန်လာရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက စေတနာထားပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသဖြင့် ဆက်သွယ်ရေးကောင်းမွန်လာပြီး ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်မှ ဦးမြင့်ထွန်းက မိုးကောင်းတံတားကို နိုင်ငံတော်က ဒေသအကျိုးအတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တံတားဖွင့်လှစ်မည့်နေရာသို့ရောက်ရှိ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ မိုးကောင်းတံတားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲမှတ်ဦးရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မိုးကောင်းတံတား မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုးကောင်းတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မိုးကောင်းတံတားကို မိုးကောင်းမြို့နယ် နမ့်ကောင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၉၄၅ပေ ဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၁ပေ ခြောက်လက်မဖြစ်သည်။

တံတားအမျိုးအစားမှာ အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်ဖြင့်လည်းကောင်း၊ တံတားအောက်ထည်ကို သံကူကွန်ကရစ်ဖြင့်လည်းကောင်း တည်ဆောက်ထားသည်။ တံတားအပေါ်ထည်ကို RPT သံပေါင် သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားသည်။

လူသွားလမ်းအကျယ်မှာ ချဉ်းကပ်တံတားပေါ်၌ တစ်ဖက်လျှင် ငါးပေ သုံးလက်မစီနှင့် RPT သံပေါင် သံကူကွန်ကရစ်တံတားပေါ်၌ တစ်ဖက်လျှင် လေးပေစီကျယ်သည့် လူသွားလမ်းများပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၁၄၀နှင့် အမြင့် ၁၀ပေဖြစ်သည်။ တံတား၏ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ဖြစ်သည်။

မိုးကောင်းတံတားမှာ ၁၉၈၈ခုနှစ်နောက်ပိုင်း ပေ၁၈၀နှင့်အထက် ဖွင့်လှစ်ခဲ့သည့် တံတားများတွင် ၁၆၇စင်းမြောက် တံတားဖြစ်သည်။

မိုးကောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ၂၇–၆–၂၀၀၂တွင် စတင်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ခွဲကာလအတွင်း ပြီးစီးအောင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားဖွင့်ပွဲတွင် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲမှတ်ဦးရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ၁နာရီတွင် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(ရန်ကုန်)၏ စာပေအနုပညာနှင့် ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာဦးအောင်မွန် တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူ ဒုတိယနှစ်ကျောင်းသူ မမြတ်ပန်းပွင့်ကျော်၊ ဒုတိယဆုရရှိသူ ပထမနှစ်ကျောင်းသူ မစောစန္ဒာလင်း၊ တတိယဆုရရှိသူ ပထမနှစ်ကျောင်းသူ မစိုးချယ်ရီတို့အား ပါမောက္ခချုပ်က ဆုများချီးမြှင့်သည်။ ထို့နောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် အမျိုးသားစာပေဆုရ စာရေးဆရာများဖြစ်ကြသော လယ်တွင်းသားစောချစ်၊ ချစ်နိုင်(စိတ်ပညာ)နှင့် မြင်းမူမောင်နိုင်မိုးတို့က စာပေရေးရာများကို ဟောပြောကြသည်။ (က–ပ)

☛ စာမျက်နှာ ၇ ဆောင်းပါးမှအဆက်

ကချင်ပြည်နယ်အတွင်းမှ တိုင်းရင်းသား ခေါင်းဆောင်များ၏ နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားများတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ဖော်ဆောင်သွားမည့် သန္နိဋ္ဌာန်စိတ်များကို အထင်းသား တွေ့မြင်နေရသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် တပ်မတော်အပေါ် ယုံကြည်ကိုးစားမှုရှိကြောင်းကိုလည်း ဖော်ထုတ်ပြသလျက်ရှိသည်။

ခိုင်ခိုင်မြဲမြဲလက်တွဲညီ

စင်စစ်သော်ကား ၎င်းတို့သည် (ငြိမ်းချမ်းရေး အဖွဲ့အစည်းများသည်) နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်ရယူနိုင်ခဲ့ခြင်းမှာ ဒို့တာဝန်အရေးသုံးပါးကို ယုံကြည်သက်ဝင်၍ပင်တည်း။

ဤသို့ ယုံကြည်သက်ဝင်သည်နှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ်၏ **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို** လှိုက်လှဲစွာ ကြိုဆိုထောက်ခံခဲ့ကြသည်။ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အောက်ဖော်ပြပါ ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးက ယှဉ်တွဲပါ နေ့ရက်များအလိုက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ လာရောက်တွေ့ဆုံ ရှင်းလင်းတင်ပြခဲ့ကြသည်။

- မွန်ပြည်သစ်ပါတီအဖွဲ့ ၂၁–၈–၂၀၀၃
- ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)အဖွဲ့ ၁၇–၁၁–၂၀၀၃
- ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)အဖွဲ့ ၂၁–၁၁–၂၀၀၃
- ကချင်ပြည်နယ် အထူးဒေသ(၂)အဖွဲ့ ၂၉–၁၁–၂၀၀၃
- ကချင်ပြည်နယ် အထူးဒေသ(၁)အဖွဲ့ ၅–၁၂–၂၀၀၃
- ကယန်းပြည်သစ်ပါတီအဖွဲ့ ၂၅–၁၂–၂၀၀၃
- ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆) PNO ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ၂၇–၁၂–၂၀၀၃
- ကယားပြည်နယ် အထူးဒေသ(၂)အဖွဲ့ ၃–၁–၂၀၀၄
- ရှမ်းပြည်နယ်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ ၇–၁–၂၀၀၄
- ကယားပြည်နယ် အထူးဒေသ(၁)အဖွဲ့ ၉–၁–၂၀၀၄
- ရှမ်းတိုင်းရင်းသားအဖွဲ့(ရွှေပြည်အေး) ၁၄–၁–၂၀၀၄
- ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)အဖွဲ့ ၁၉–၁–၂၀၀၄
- ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)အဖွဲ့ ၂၂–၁–၂၀၀၄
- ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)အဖွဲ့ ၂၃–၁–၂၀၀၄
- ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ (အောင်ဇေယျငြိမ်းချမ်းရေးရွာ) ၂၇–၁–၂၀၀၄

* –

* –

ကျန်တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများ အနေဖြင့်လည်း ဆက်လက်၍ ကြိုဆိုထောက်ခံကြဦးမည်သာ။

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး

တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တွေ့ဆုံစဉ် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီး၌ အရှိန်အဟုန်မြှင့် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများတင်ပြကြသည်။ နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးရမည့်ကိစ္စရပ်များ၊ တိုင်းရင်းသားများက ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေသော လုပ်ငန်းရပ်များပါဝင်သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယနေ့ဆိုလျှင် ၁၅နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်၏။ ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ “ဝ”ဒေသ၊ ရှမ်းဒေသ၊ ပလောင်ဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မော်ဖဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ နာဂဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသများတွင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်း အသီးသီးအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌သာမက မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကိုပါ အားသွန်ကြိုးပမ်း ဆောင်ရွက်နေကြောင်းတွေ့ရသည်။ စိုက်ပျိုးထွက်ရှိလာသော ဘိန်းအစားထိုး သီးနှံထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချရန်၊ ရော်ဘာကုန်ချောများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

နိစ္စထာဝရတည်တံ့ခိုင်မြဲရေး

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကိုများအကြား အထင်အမြင် လွဲမှားမှု၊ စိတ်ဝမ်းကွဲပြားမှု၊ သူတစ်ပါးသွေးခွဲသပ်လျှိုမှုများကို နားယောင်မှုများ မဖြစ်ပေါ်စေရန်အတွက်လည်းကောင်း၊ ပြည်နယ်၊တိုင်း ဒေသများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်အတွက်လည်းကောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော် ရှေ့ဆက်ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ကြီး ခုနစ်ရပ်ကို ပြည်နယ်နှင့် တိုင်အသီးသီးမှ တိုင်းရင်းသားပြည်သူများအားလုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံခဲ့ကြသည်။ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးကလည်း လှိုက်လှဲကြိုဆိုထောက်ခံခဲ့ကြရုံမျှမက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့ကြပေပြီ။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ကြသည်။ ဒေသဖွံ့ဖြိုးရေးအတွက် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်အတွက် အရေးကြီးလှသော မူဝါဒလမ်းစဉ်ကြီး ခုနစ်ရပ်အပေါ် ကြိုဆိုထောက်ခံခဲ့ကြသည်။ ထို့မှ ပြည်ထောင်စုကြီး နိစ္စထာဝရ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော် ရှေ့ဆက် ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ကြီးခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဦးမည်။

တိုင်းရင်းသား သွေးချင်းညီအစ်ကိုအားလုံး ခိုင်ခိုင်မြဲမြဲ လက်တွဲညီ။ ∎

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနား ပညာရေးကောလိပ်နှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ၉ရက် မွန်းတည့် ၁၂နာရီတွင် မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဘိုကြည်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူလေးများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား ပညာရေးကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းလှနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသူများက ကြိုဆိုကြသည်။

ယင်းနောက် မြစ်ကြီးနားပညာရေး ကောလိပ် ဘဏ္ဍာစစ်သည်ခန်းမ၌ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းလှက မြစ်ကြီးနား ပညာရေးကောလိပ်၏ သမိုင်းအကျဉ်း၊ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည့် သင်တန်းများနှင့် ဘာသာရပ်များကို လည်းကောင်း၊ စီမံဌာနမှူး ဦးခါလွမ်းက ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်ထားပြီးစီးမှု၊ ကောလိပ် အတွင်းတည်ဆောက်ပြီး အဆောက် အအုံများ၊ ဆောက်လုပ်ဆဲ အဆောက် အအုံများနှင့် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက မြစ်ကြီးနား ပညာရေးကောလိပ် သင်တန်းသူအဆောင် အပါအဝင် လိုအပ်လျက်ရှိသည့် အဆောက်အအုံများ ပြည့်စုံရေးပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက် ပေးပြီး ယနေ့ခေတ်သည် ပညာလွှမ်းမိုးသော ခေတ်ဖြစ်သည်နှင့် အညီ ဖွံ့ဖြိုးမှုအားလုံး၏ အခြေခံမှာ ပညာဖြစ်နေကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်ကို ပိုမိုတိုးတက် သည်ထက်တိုးတက်အောင်၊ ဘာသာရပ်အလိုက် ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင် အမြဲလေ့လာ ဆည်းပူးနေရမှာဖြစ်သကဲ့သို့ မိမိတို့၏ တပည့်များကိုလည်းလူတော်လူကောင်း များဖြစ်လာအောင် ပြုစုပျိုးထောင် တတ်ရမှာဖြစ်ကြောင်း။

နိုင်ငံတော်က ရည်မှန်းချက်ကြီးမားစွာဖြင့် အကောင်အထည်ဖော်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကိုလည်း အောင်မြင်အောင် ဝင်ရောက်ကူညီဆောင်ရွက်ပြီး မိမိ ရောက်ရှိရာ နယ်မြေဒေသအလိုက် ပြည်သူများ၏ ပညာအခြေခံမြင့်မားလာအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားလာအောင် လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆရာ ဆရာမများ၊ ပထမနှစ်နှင့် ဒုတိယနှစ် လုပ်ငန်းခွင်အကြိုသင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ကွန်ပျူတာခန်း၊ e-Education Room နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် သူနာပြုနှင့်သားဖွား သင်တန်းကျောင်းသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ် ဒေါ်အမ်နန်းခမ်းက မြစ်ကြီးနားမြို့ သူနာပြုနှင့်သားဖွား သင်တန်းကျောင်း ဖြစ်ပေါ်လာမှုနှင့် သင်တန်းကျောင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိမိတို့ရောက်ရှိရာ အရပ်ဒေသရှိ ပြည်သူများအပေါ် စေတနာထား၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန်မှာကြားပြီး သင်တန်းကျောင်း၏ သင်ထောက်ကူပစ္စည်းများ၊ Language Labနှင့် ကွန်ပျူတာခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနား ပညာရေးကောလိပ်တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားသူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် အမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ စာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၀၁ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်းတက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ သင်တန်းသူများစာရင်းကို ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မမေသူကျော်(ဘ) ဦးသန်းကျော်၊ အထက(၂)အင်းစိန်မြို့နယ်က ပထမ၊ မောင်ကျော်ဇေလတ်(ဘ) ဦးဌေးမောင်၊ အထက(၁)မုံရွာမြို့နယ်က ဒုတိယ၊ မောင်ဟိန်းကျော်မိုး (ဘ) ဦးကျော်စိုး၊ အထက(၂) ဒေးဒရဲမြို့နယ်က တတိယ၊ အင်္ဂလိပ်စာ ဘာသာရပ်တွင် မောင်စောထွဋ်(ဘ) ဦးမောင်မောင်ထွေး၊ အထက(၂) ကမာရွတ်မြို့နယ်က ပထမ၊ မောင်ကြည်သာအောင်(ဘ)ဦးသန့်ဇင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်မြို့နယ်က ဒုတိယ၊ မောင်တင်ထွန်းအောင်(ဘ) ဦးစိန်အောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်မြို့နယ်က တတိယ၊ သင်္ချာဘာသာရပ်တွင် မခိုင်သက်ဆု(ဘ) ဦးကြည်စိုး၊ အထက(၂) ကမာရွတ်မြို့နယ်က ပထမ၊ မသူသူချို(ဘ) ဦးဝင်းချို၊ အထက(၁၆) ချမ်းအေးသာစံမြို့နယ်က ဒုတိယ၊ မအိမွန်ဝင်း(ဘ) ဦးညိုဝင်း၊ အထက(၃) တောင်ဥက္ကလာပမြို့နယ်က တတိယ၊ ဓာတုဗေဒဘာသာရပ်တွင် မခိုင်သက်ဆု(ဘ) ဦးကြည်စိုး၊ အထက(၂) ကမာရွတ်မြို့နယ်က ပထမ၊ ရူပဗေဒဘာသာရပ်တွင်မဇွန်မိုဆူ(ဘ) ဦးသန်းမျိုး၊ အထက(၁၆) ချမ်းအေးသာစံမြို့နယ်က ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မခိုင်သက်ဆု(ဘ) ဦးကြည်စိုး၊ အထက(၂)ကမာရွတ်မြို့နယ်က ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မရည်ဝေထက် (ဘ) ဦးကျော်မြင့်၊ ပြင်ပဖြေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်က ပထမ၊ သမိုင်းဘာသာရပ်တွင် မမေခလာ(ဘ)ဦးကက်နက်၊ အထက ကိုကိုးကျွန်းမြို့နယ်က ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မောင်ထွန်းလင်း (ဘ)ဦးမြင့်အောင်၊ သပြေပင်ကျောင်းခွဲ၊ အထက(၁) လယ်ဝေးမြို့နယ်က ပထမတို့ဖြစ်ကြသည်။

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် တက္ကသိုလ်သင်တန်းသူများမှာ မအေးမြစန္ဒာ(ဘ) ဦးအောင်မောင်း၊ ဒဂုံတက္ကသိုလ်၊ မဖြူဖြူစင်(ဘ) ဦးခင်စိုး၊ ဒဂုံတက္ကသိုလ်၊ မဇင်ညိမ်းထက် (ဘ) ဦးသိန်းတန်၊ ဒဂုံတက္ကသိုလ်၊ မတင်ဖြိုးသွယ်(ဘ) ဦးသောင်းမြင့်၊ ရတနာပုံတက္ကသိုလ် တို့ဖြစ်ကြသည်။

သက်ဆိုင်ရာ ဘာသာရပ်တွင်ရမှတ်တူညီနေပါက ဘာသာရပ်စုစုပေါင်း ရမှတ်သာလွန်သူအားလည်းကောင်း၊ ဘာသာရပ်စုစုပေါင်း ရမှတ်တူညီနေပါက မိဘများ၏ စီးပွားရေးအခြေအနေ၊ မောင်နှမဦးရေ အများအနည်းအပေါ်မူတည်၍ လည်းကောင်း စိစစ်ရွေးချယ်ခြင်းဖြစ်သည်။

ပခုက္ကူဦးအုံးဖေ၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းခံရသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန (ဖုန်း-၅၅၄၃၁၄) သို့ အမြန်ဆက်သွယ်သတင်းပို့ကြရန်နှင့် ဖေဖော်ဝါရီ၂၂ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့၌ကျင်းပမည့် ပြန်ကြားရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနား၌ တစ်ပေါင်းတည်းဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

နွေရာသီကွန်ပျူတာ သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

လျင်မြန်သော အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသောမျက်မှောက်ကာလတွင် ခေတ်နှင့်အညီ လိုက်နိုင်ရန် ကွန်ပျူတာပညာများကို တတ်မြောက်ရန် လိုအပ်ပေသည်။ လိုအပ်ချက်များကို ပြည့်စုံအဆင်ပြေစေရန် R.S. Computer Centre မှ Windows, DTP, Graphic, ACCPAC, Auto CAD, System & Hardwareနှင့် Programming Courses များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့အပြင် စာရင်းကိုင်သင်တန်း၊ အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းများကိုလည်း လစဉ်ပုံမှန် ဖွင့်လှစ်လျက်ရှိသည်။ နွေရာသီ ကျောင်းပိတ်ရက်တွင် ကလေးများအတွက် ကွန်ပျူတာ၊ ပန်းချီ၊ အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းရန်မှာ R.S. Computer Centreအမှတ်(၃၂) ပထမထပ် တိုက်(၁) အင်းစိန်လမ်း ကမာရွတ်မြို့နယ်(လှည်းတန်းမီးပွိုင့်အနီး) ဖုန်း-၀၉၉၉၂၂၈၂၇ဖြစ်ကြောင်း သိရသည်။

(က-ပ)



မနုလလွှော်ကြာထားခွင့် ရရှိသူများ အမည်စာရင်း(အပါအဝင်)မျက်မှောက် ရန်ကုန်၊ မျက်မှောက်မဂ္ဂဇင်းလေး၊ အင်တာနက်သတင်းများ ဝေဝေ ဆာဆာဖြင့် အတွေးသစ်ဂျာနယ်၊ အတွဲ-၄ အမှတ်စဉ်-၁၇၁ မျက်နှာဖုံး။ (က-ပ)

အထက(၂) လမ်းမတော် မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အထက(၂)လမ်းမတော်(ယခင် မြဲမာလာ)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် လုပ်သက်ရင့် လက်ရှိ ဆရာ၊ ဆရာမများအား အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို မတ် ၂၁ရက် (တနင်္ဂနွေနေ့)နံနက်၁၁နာရီတွင် အထက(၂)လမ်းမတော် စုံညီခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာမ ဒေါ်မြင့်မြင့်၊ ဆရာ ဦးကြည်အုန်း အထက(၂) လမ်းမတော် ဖုန်း-၂၂၂၂၅၇၊ ဦးတင်ဝင်းလှိုင်(ဥက္ကဋ္ဌ) ဖုန်း-၅၈၀၈၂၉၊ ဆရာမ ဒေါ်စောအေးဝင်းဖုန်း - ၂၄၃၁၃၉၊ ဒေါ်သန်းသန်းညွန့် ဖုန်း-၂၂၈၁၀၄၊ ဦးဇော်မြင့် ဖုန်း-၀၉ ၅၀၀ ၆၀၅၅၊ ဦးခင်ရွှေ (၄၂) သိပ္ပံလမ်း ဆင်မင်းရပ်ကွက် အလုံမြို့နယ်တို့ထံ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

- တပ်မတော်နှင့်ပြည်သူ ကြည်ဖြူလက်တွဲချီတက်လျှက် နိုင်ငံတော် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို ဖော်ညွှန်းထားသည့် စာအုပ်ဖြစ်ပါသည်-
- တပ်မတော်သည် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ချီတက်ထမ်းဆောင်ရင်း တစ်ဖက်ကလည်း ဗိုတာဝန်အရေးသုံးပါးကို စွမ်းစွမ်းတမံဆောင်ရွက်နေသည်များကို ဖော်ညွှန်းပြဆိုထားသည့် စာအုပ်ဖြစ်ပါသည်-
- ထာဝရမှတ်တမ်းမှတ်ရာ သိမ်းဆည်းထားရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အောင်ပွဲများကို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုထုတ်ဝေလိုက်သည်-

အဏ္ဏဝါဆိပ်ကမ်းဝင်သည်အခါ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အောင်ပွဲများ

မြန်မာ့ဆိုလိုက်ပါပြီ

ရောင်းဈေး ကျပ် ၈၀၀

-သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာ ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

☎-၂၉၄၃၀၆

CII

Confederation of Indian Industry

Embassy of India, Yangon

EXPERIENCE INDIA

19 - 22 February, 2004

YANGON TRADE CENTRE

10 am to 6 pm

HIGHLIGHTS:

- Focused Business Seminars:
  - First Seminar: Across Borders: India-Myanmar Trade & Economic Cooperation
  - Second Seminar: ICT Linkages: Connecting India & Myanmar
- One-to-One Business Meetings
- CEOs' Delegation
- Indian Cultural Evening
- Indian Food Festival

EXHIBITION COVERAGE: Agriculture Machinery • Bicycle and Parts • Consumer Durables • Dairy Machinery • Electric Motors and Pumps • Fans • Indian Handicrafts • Handlooms • Garments • Furniture • Finished Leather Products • Kitchen Equipment • Home Furnishings • Cosmetics and Herbal Products • Iron and Steel • Information and Communication Technologies • Industrial Boilers • Jewellery • Machine Tools • Railways • Road Construction • Oil and Gas

For more information and registration, please contact:
Commercial Section, Embassy of India,
545 - 547, Merchant Street, Yangon
Tel: 00 - 951 - 280183, 268833
e-mail: counacom@indiaembassy.net.mm

Supported by
Department of Industrial Policy & Promotion
Ministry of Commerce & Industry, Government of India

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၄ (ကြာသပတေးနေ့)

၁၃၆၅ခုနှစ်တပို့တွဲလပြည့်ကျော်(၇)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၆:၃၀ ၁။ **(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
- ၈:၀၀ ၂။ နံနက်ခင်းသတင်း
- ၈:၁၀ ၃။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၃၀ ၅။ International News.
- ၈:၄၅ ၆။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅:၀၀ ၅။ တေးသရုပ်ဖော်အစီအစဉ်
- ၅:၁၅ ၆။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၅:၃၀ ၇။ **ချစ်သောမြေ ချစ်သောရေ (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
- ၅:၃၅ ၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၉။ ရှမ်းရိုးရာဝတ်စားဆင်ယင်မှု
- ၅:၅၀ ၁၀။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၅ ၁၁။ ငွေတောင်သူတို့ရိုးရာဂျပ်ခုပ်အထည်ရက်နာ
- ၆:၁၅ ၁၂။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ Milo Success in Soccer.
- ၇:၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးမြေဆုံးစေတော့ကွယ်" (အပိုင်း-၁၆)**
- ၇:၄၅ ၁၇။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်နိုင်မာရန်မှာ ဒို့ဝန်တာ "ဂုဏ်ပြုထိုက်ပေ ပင်လုံမြေ"**
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
  - ၁၉။ နိုင်ငံတကာသတင်း
  - ၂၀။ မိုးလေဝသအခြေအနေ
  - ၂၁။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်နိုင်မာရန်မှာ ဒို့ဝန်တာ ပြည်ထောင်စုကြီး စုစည်းခိုင်မာ အနာဂတ်ခရီး ရှုမငြီးသာယာ**
  - ၂၂။ ရုပ်မြင်သံကြားဇာတ်လမ်း **"စည်းလုံးခြင်းရဲ့အရသာ" (ကိုကိုလင်းမောင်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)**
  - ၂၃။ နောက်တနေ့အစီအစဉ်
  - ၂၄။ အစီအစဉ်ပြီး၏။

သင်္ဘောသားသင်တန်း တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

CTI သင်္ဘော ကုမ္ပဏီ၏ Costa Cruises သင်္ဘောလိုင်းတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် CTI မှ သင်တန်းပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများ သင်တန်းဖွင့်မည့်ရက်မှာ ဖေဖော်ဝါရီ ၂၃ရက်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် CTI Group (Yangon)၊ အမှတ် (၇၉၀)၊ အခန်း(၅၀၂)၊ Danathiha Centre၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ ယနေ့မှစ၍ လူကိုယ်တိုင် စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြသဇာ ချယ်

TRAVELS & TOURS

PH : 296911, 293294

PH : 296911, 293294



PH : 534457

စတီရီယိုတေးသံရှင် စိုးလွင်လွင်(ခ)ပိုပို၏ မူပိုင်သံစဉ်တေးသီချင်းများကိစ္စ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ်(၁၈)နေ မောင်ဒေဝနှင့် မရွှေအိမ်စည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကွယ်လွန်သူ စတီရီယိုတေးသံရှင် စိုးလွင်လွင်၏ သားဖြစ်သူ မောင်ဒေဝနှင့် သမီးဖြစ်သူ မရွှေအိမ်စည်တို့၏ အခွင့်ရကိုယ်စားလှယ်နှင့် နီးစပ်ရာမိတ်ဆွေအဖြစ် မိခင်ဖြစ်သူ ဒေါ်ဖြူဖြူဝင်းက ဆောင်ရွက်၍ ဒေါ်မာမာအောင်အပေါ် စိုးလွင်လွင်၏ မူပိုင်သံစဉ် တေးသီချင်းများနှင့်ပတ်သက်၍ မူပိုင်ဆက်ခံခွင့်ရှိသူများဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခဲ့ရာ၊ ရန်ကင်းမြို့နယ် တရားရုံးတော်က တရားမကြီးမှု အမှတ်-၁၃/၂၀၀၁ အရ လက်ခံစစ်ဆေး ကြားနာခဲ့ပါသည်။

အဆိုပါအမှုတွင် ၂-၁၂-၂၀၀၃ရက်နေ့၌ တရားလိုမောင်ဒေဝနှင့် မရွှေအိမ်စည်တို့သည် ၄-၁၂-၉၄ ရက်နေ့အထိ စိုးလွင်လွင်ကိုယ်တိုင် ရေးသားသီဆိုထုတ်ဝေခဲ့သော စိုးလွင်လွင်၏ မူပိုင်သံစဉ် တေးသီချင်းများနှင့်ပတ်သက်၍ မူပိုင်ဆက်ခံခွင့်ရှိသူများဖြစ်ကြောင်း မြွက်ဟကြေညာသည့်ဒီကရီကို ချမှတ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၄-၁၂-၉၄ ရက်နေ့အထိ စိုးလွင်လွင်ကိုယ်တိုင် ရေးသားသီဆိုခဲ့သော စိုးလွင်လွင်၏ မူပိုင်သံစဉ် တေးသီချင်းများနှင့်ပတ်သက်၍ မောင်ဒေဝနှင့် မရွှေအိမ်စည်တို့၏ ခွင့်ပြုချက်မရဘဲ အသံကူးယူခြင်း၊ ဖြန့်ချိရောင်းချခြင်း၊ ရုပ်ရှင်ဇာတ်လမ်းနှင့် ဗီဒီယိုဇာတ်လမ်းများတွင် ထည့်သွင်းအသုံးပြုခြင်း၊ ကက်ဆက်ခွေ၊ စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီ၊ အယ်ဒီစီဒီအိုကေများ ထုတ်လုပ်ခြင်း၊ ပြန်လည်သီဆိုခြင်း စသည့်တစ်နည်းနည်းဖြင့် လွှဲပြောင်းအသုံးပြုမှုများကို ပြုလုပ်လာပါက ၁၉၁၁ ခုနှစ် မူပိုင်ခွင့် အက်ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သန်းဝင်း B.A(Law)LL.B
တရားရုံးချုပ်ရှေ့နေ
အမှတ်-၁၅၆ (ပထမထပ်)၊ မဟာဗန္ဓုလလမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၃၀၂၃

မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ "ပဏာမစုံညီအစည်းအဝေး" ကျင်းပမည်

မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ ပဏာမစုံညီအစည်းအဝေးကို ၂၀၀၄ခုနှစ် မတ်လ ၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီအချိန်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် အာဇာနည်လမ်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

မြို့နယ်အသင်းအမှုဆောင်အဖွဲ့။

Heart

ဆောင်းဦးလှိုင် စည်သူလွင် အဲလက်စ်

19:18 III

လျှောကား ထစ် လေး များ

VCD KARAOKE Lazy Club, Nawaratt

၁၀၀၀ိ /

Oceanic Pleasure Cruise

ချင်းတွင်း ပင်လယ်သွားအပျော်စီးရေယာဉ်

ချင်းတွင်းသင်္ဘောကို စိတ်ဝင်စားသူများအား ဖိတ်ခေါ်ပါရစေ....

- ၁၃. ၂. ၂၀၀၄ (သောကြာနေ့)တွင် ချင်းတွင်းသင်္ဘော နန်းသီတာဆိပ်ကမ်း (ပန်းဆိုးတန်း)တွင် ဆိုက်ကပ်ကာ စားသောက်ဆိုင်ဖွင့်လှစ်၍ အဆိုအကများဖြင့် ည ၇ နာရီမှ ၁၁ နာရီ အထိ ဖျော်ဖြေမှု ပြုပါမယ်....
- ချင်းတွင်းသင်္ဘောကို လေ့လာလိုသူများ၊ စားသောက်ရန် ခရီးသွားလိုသူများ ရန်ကုန်မြစ်အတွင်း လေနအေးကို ရှုရှိုက်ရင်း ကြွရောက်အားပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်....

ချင်းတွင်းမိသားစု

ပြည်မြို့တွင် ကျောင်းပြင်ပ ပညာရေး ညနေသင်တန်းဆင်း ညနေသင်တန်းနှင့် ယာယီရွှေ့ပြောင်းကျောင်းဖွင့်လှစ်မှု ရှင်းလင်း

ပြည် ဖေဖော်ဝါရီ ၃

ပညာရေးဝန်ကြီးဌာန၏ "လူတိုင်းအတွက် ပညာရေး"ဟူသော ဆောင်ပုဒ်နှင့်အညီ အကြောင်းအမျိုးမျိုးတို့ကြောင့် ကျောင်းချိန်တွင် ကျောင်းသို့လာရောက်စာမသင်ကြားနိုင်ကြသည့် ကလေးငယ်များအား ပံ့ပိုးကူညီရန်အတွက် ကျောင်းချိန်ပြင်ပ ပညာရေးစေတနာ ညနေပိုင်းသင်တန်းကျောင်းနှင့် ယာယီရွှေ့ပြောင်းကျောင်းတို့ကို ပြည်မြို့ ရွာဘဲနယ်မြေ၊ နဝင်းနယ်မြေနှင့် မှုတ်ရှည်ကျေးရွာ၊ ရွှေလောင်းကန်ကျေးရွာတို့တွင် ဩဂုတ်လမှ စတင်ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး ကျောင်းပြင်ပပညာရေး ညနေသင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ပြည်မြို့ ရွှေကူ အမက(၂) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ် ဒု-အထွေထွေအုပ်ချုပ်ရေးမှူး ဒေါ်လဲ့လဲ့ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးချစ်လှက နိုင်ငံတော်က ချမှတ်ထားသော လာမည့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် "မြန်မာနိုင်ငံသားအားလုံး မူလတန်းပညာ သင်ယူတတ်မြောက်ပြီးဖြစ်စေရမည်"ဟူသော စီမံချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်မြို့တွင် ကျောင်းချိန်ပြင်ပ ပညာရေး ညနေသင်တန်းနှင့် ယာယီရွှေ့ပြောင်းကျောင်းတို့ ဖွင့်လှစ်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သင်တန်းထူးချွန်ဆုရသင်တန်းသူ၊ သင်တန်းသားများ၊ စေတနာဆရာ၊ ဆရာမများနှင့် ကြီးကြပ်သူများအား ဆုများ၊ ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်သည်။ **(၁၃၈)**

မုံရွာမြို့နယ် သာစည်ကျေးရွာ ကိုယ့်အားကိုယ်ကိုး "ဇွဲ" စာကြည့်တိုက်ဖွင့်

မုံရွာ ဖေဖော်ဝါရီ ၄

မုံရွာမြို့နယ် သာစည်ကျေးရွာ ကိုယ့်အားကိုယ်ကိုး "ဇွဲ"စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက်၉နာရီက သာစည်ကျေးရွာ "ဇွဲ" စာကြည့်တိုက်၌ ကျင်းပရာ မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးတင်သန်းဝင်းနှင့် ကျေးရွာပြည်သူလူထု ၁၂၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်၁၅ဦးက အလှူငွေများနှင့် စာအုပ်များ၊ မှန်ဗီရိုများ စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခင်ဆောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်နှင့် ခရိုင်ပြန်ဆက်ဦးစီးအရာရှိ ဦးတင်သန်းဝင်းတို့က "ဇွဲ" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ **(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

ဇလွန်မြို့နယ် ရွှေကျောင်းကျေးလက်လမ်း မြေသားပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်မြင့်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမင်းလတ်တို့ ဇန်နဝါရီ ၃၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (ဇလွန်စည်ပင်)

အင်္ဂပူ အထက အာစရိယပူဇော် ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် လှူဒါန်း

အင်္ဂပူ ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်း အင်္ဂပူမြို့ အထက်တန်းကျောင်းဟောင်း (ယခုမြို့နယ်ပညာရေးမှူးရုံး)တွင် နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် အထက်တန်းကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် ဘိုးဘွားရိပ်သာသို့ ပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ၁၈ ရက် နံနက် ၉နာရီတွင် ကျင်းပရာ နှစ်(၅၀) ပြည့်ရွှေရတုအထိမ်းအမှတ် အင်္ဂပူအထက၏ ပထမအကြိမ် အာစရိယပူဇော်ပွဲတွင် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းတွင် ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလွှာ၊ ဆုတံဆိပ်နှင့်အတူ ငွေသားများကို ကျောင်းသားဟောင်းများကိုယ်စား ဒေါက်တာအေးမြတ်လွင်၊ ကျောင်းအုပ်ကြီး ဦးအောင်မင်းနှင့် ဦးခိုင်ဇော်ဝင်းတို့က ချီးမြှင့်ကြပြီး ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြရာ ဆရာ၊ ဆရာမများကိုယ်စား ဆရာမကြီး ဒေါ်စန်းမြင့်က ဩဝါဒစကားပြောကြားသည်။

ထို့နောက် အဖွဲ့ကိုယ်စား ဦးမြင့်အောင်က ဦးတင်ဦး ဘိုးဘွားရိပ်သာသို့ ငွေကျပ်တစ်သိန်းကို ငွေပဒေသာပင် စိုက်ထူလှူဒါန်းရာ ဘိုးဘွားရိပ်သာ ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးညွန့်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** **(က-ပ)**

အမာကျေးရွာ ပညာပဒေသာဌာနဖွင့်

ဘိုကလေး ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမာကျေးရွာ ရပ်ရွာပညာပဒေသာဌာနဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် အမာကျေးရွာတွင် ကျင်းပသည်။ အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူ အင်အား ၈၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရပ်ရွာပညာပဒေသာဌာန အဆောက်အအုံအား ကျေးရွာဥက္ကဋ္ဌ ဦးကျော်တင့်ရှိန်က ဖွင့်လှစ်ပေးပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အမှာစကားပြောကြားကာ အလှူငွေများ ပေးအပ်သည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဘိုကလေးမြို့နယ် ပင်လယ်ပိုင်းဒေသများဖြစ်သည့် ဆိပ်မ၊ နောက်မီး ကျေးရွာများသို့ သွားရောက်ကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အသင်းဝင်အင်အား တိုးချဲ့စည်းရုံး

မော်လိုက် ဇန်နဝါရီ ၂၈

မော်လိုက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ အသင်းခွဲဖွဲ့စည်းခြင်းနှင့် အသင်းဝင်အင်အား တိုးချဲ့စည်းရုံးခြင်းကို ဇန်နဝါရီ ၂၂ရက် မွန်းလွဲ ၂နာရီက မော်လိုက်မြို့နယ် ဖာတင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားသို့ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဒေါ်နွဲ့နွဲ့ဝင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဥနှင့် အလုပ်အမှုဆောင်များ၊ ဖာတင်းကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ အမျိုးသမီးများ တက်ရောက်ကြသည်။

ထို့နောက် ဖာတင်းကျေးရွာမှ ရာသက်ပန် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် ၅၀ ဦးတို့က အသင်းဝင်လျှောက်လွှာများ ပေးအပ်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ဘုရားချောင်းနှင့် အောင်ဆန်းတံတားဖွင့်

မြောင်းမြ ဖေဖော်ဝါရီ ၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရားချောင်း(မြို့မ)တံတားနှင့် အောင်ဆန်း လမ်းတံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးအေးဟန်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(အောက်ပုံ)

ဘုရားချောင်းတံတားမှာ အရှည် ၈၇ပေ၊ အကျယ် ၁၈ပေနှင့် အောင်ဆန်းလမ်းတံတားမှာအရှည်၃၂ ပေ၊အကျယ် ၁၃ ပေတို့ဖြစ်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုငွေကျပ် ၈၃ ဒသမ ၇ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့ အသားလုပ်ငန်းရှင် ဦးအောင်မြေက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေကျပ် ၁၃ သိန်း ပေးအပ်လှူဒါန်းသည်။

(ခရိုင်ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး၊ ဦးစီးအရာရှိ ဦးအောင်မိုးက ဒေသခံ တိုင်းရင်းသား ၁၆၅ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ဇန်နဝါရီ ၂၈ ရက်က နောင်တော်ရွာ၌ ဒေသခံတိုင်းရင်း သားတစ်ဦးချင်းသို့ ပေးအပ်စဉ်။ (က-ပ)



စာပေဟောပြော

ဒေးဒရဲ ဇန်နဝါရီ ၂၅

ဒေးဒရဲမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် ညက ကမ်းနားလမ်းရှိ တိုးရွှေဝါခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိကြသူ ပုဂ္ဂိုလ်များအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် စာရေးဆရာ မောင်သိန်းဆိုင်၊ နီကိုရဲနှင့် အိကြာကွေးတို့က စာပေရေးရာများကို ဟောပြောကြသည်။ **(၁၆၃)**

နွေရာသီ အင်္ဂလိပ်စာ အရေးသင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အမှတ်(၂၇၇) ပန်းဆိုးတန်းလမ်း(အထက်) ခုံတံတားထိပ် ဖုန်း-၂၈၆၈၇၁ တွင် ဖွင့်လှစ်ထားသော ဆရာဒွေး အင်္ဂလိပ်စာအရေးသင်တန်းတွင် လစဉ်ပုံမှန်တန်းခွဲများ ဖေဖော်ဝါရီလဆန်း၌ ဖွင့်လှစ်မည်ဖြစ်သည်။ နွေရာသီ တစ်ပတ်လေးရက်တက် သုံးလသင်တန်းများကို မတ် ၃ ရက်မှစ၍ အလယ်တန်း၊ အထက်တန်းကျောင်းသားများ Essay နှင့် Letter ကိုယ်တိုင် ရေးတတ်စေရန် ဆရာဒွေး၏ မူပိုင်နည်းသစ်စာအုပ်ဖြင့် သင်ပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ထိုအရေးသင်နည်းသစ် စာအုပ်ကိုလည်း အမြို့မြို့ဆိုင်ဆိုင်တိုင်းတွင် ရရှိနိုင်ပြီး သင်တန်းတက်ရောက်လိုသူများ ဖော်ပြပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ပုသိမ်မြို့၊ မြေနုလမ်း၊ အမှတ်(၄၆)နေ
ဦးအေးသန်း – ဒေါ်နီနီတို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးမျိုးသန်းထိုက် B.A(History), O.T.S (99)

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ်(၁၀)နေ
(ဦးဝင်း) – ဒေါ်တင်လှ(ရတနာဝင်းပွဲရုံ)တို့၏သမီးထွေး၊
ကိုသိန်းအေး – မသက်မာဝင်းတို့၏ညီမ

မတင်မိုးခိုင် B.A(History), Diploma in Business Law

တို့၏ ၇-၂-၂၀၀၄ရက်နေ့တွင် Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပြီး မင်္ဂလာလက်ဖွဲ့ဆင်မြန်းပေးသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦး၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက် နယ်ဘက်မှ အကြီးအကဲများ၊ O.T.S(99) မှ သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဒေါ်တင်မိုးလွင်အားလည်းကောင်း၊ ၃-၂-၂၀၀၃ရက် နံနက်ပိုင်းတွင် FMI City တွင် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ကြည့်မြင်တိုင် တရားသူကြီး ဦးခင်မောင်ဦးအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Rays ကိုအောင်နိုင်အဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်ပြုပြင်ပေးသော မိတ်ကပ်ခင်စန်းဝင်းနှင့် မင်္ဂလာဝတ်စုံ ဖန်တီးပေးသော လဲ့လဲ့ဝင်းနှင့် ဒီဇိုင်း ဦးနီတွတ်အားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ဇင်မင်းဦး၊ သတို့သမီးအရံ မနီလာဝင်းနှင့် မင်္ဂလာပန်းကြဲပေးသော မမြင့်ထိုက်စံအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုးသူငယ်ချင်းများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးမျိုးသန်းထိုက် – မတင်မိုးခိုင်။



LIVING DOLL
Ph : 666679

အမည်ပြောင်းခြင်း

ဦးဌေးမြင့် [၁၂/မရက(နိုင်) ၀၄၉၃၁၅]၏သား အလက(၄) အဋ္ဌမတန်း(ခ)မှ မောင်စောတာပိုးအား မောင်နေမျိုးဌေးဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်နေမျိုးဌေး။**

01-375822

ကားရောင်းမည်

(၄၈)လိုင်းကား Nissan စီပီလျှံ ၁ခ/၉--- ငှားမည်။

ဖုန်း:- ၆၄၀၂၂၈၊ ၆၄၁၇၅၉၊ ၆၄၁၈၃၄။

အမြန်ဆက်သွယ်ပါ

မြို့နယ်စုံရှိ လုံးချင်း၊ တိုက်ခန်း၊ အိမ်၊ ခြံ၊ မြေများကို ရောင်း/ဝယ်/ငှားလိုပါသည်။ ပိုင်ရှင်များ အမြန်ဆက်သွယ်ပါ။

ဖုန်း:-၂၄၉၄၇၁၊ ၀၉၉၉ ၂၄၉၂၆။

FOREVER GROUP
Job Opportunity
(For Local Service Only)
Forever Group Co., Ltd. currently offers challenging career opportunity for qualified candidates for the following posts:
(1) Video Editor / Animator (male / female) (4) Posts
Diploma in Computer Arts (Dip. CA)
(or)
Certificate in Graphic and Special Effects
- any graduate
(2) Hardware Technician (male) (4) Posts
PC / Apple Macintosh
B.C Sc or B.C Tech (or) equivalent
- must have at least 2 years experience in related field
(3) Driver (male) (2) Posts
- age under 40
- must have at least 5 years experience in related field
Kindly send CV together with copies of certificates & NRC card, recommendation of moral behaviour (original), a recent passport photo and labour registration card to the following address within 10 days after this advertisement.
Forever Group Co., Ltd.
No. 173/175 Pansodan St. Middle Block
Kyauktada Township, Yangon, Myanmar.
Tel : 95-1-296265 / 791180
(only shortlisted candidates will be invited for interview.)

အမည်ပြောင်းခြင်း

အဖဦးစည်သူ၏ သားများဖြစ်ကြသော ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း တတိယတန်း (D)မှ မောင်ဖြိုးစည်အား မောင်စည်လင်းမောင်ဟုလည်းကောင်း၊ ပထမတန်း (A)မှ မောင်ကောင်းစည်လင်းအား မောင်ကောင်းစည်သူဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်စည်လင်းမောင်၊မောင်ကောင်းစည်သူ။

အမည်ပြောင်းခြင်း

အထက(၂)ဖြူး၊ တတိယတန်း (ခ)မှ မောင်အောင်မြတ်ကိုအား မောင်မျိုးသစ်ကောင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်မျိုးသစ်ကောင်း။

အမည်ပြောင်းခြင်း

ဦးဇော်ဝင်းအောင်၏ သမီး မအင်ကြင်းအောင် စတုတ္ထတန်း(B) အလက(၄) တောင်ဥက္ကလာပအား မမေမြတ်နိုးဟု ပြောင်းလဲခေါ်ပါရန်။

မမေမြတ်နိုး။

အမည်ပြောင်းခြင်း

ဦးအေးကြူ (ခ) ဦးထွန်းမြ၏ သား မောင်မြင့်သိန်းဦး [၁၂/လမန (နိုင်) ၀၀၀၁၉၄]အား ယနေ့မှစ၍ မောင်ကျော်မင်းသန့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်မင်းသန့်။**

အမည်ပြောင်းခြင်း

ဦးအောင်စိန်၏သမီး မနှင်းဖြူဖြူအောင် [၅/ဆလက(နိုင်) ၀၄၇၅၁၉]အား ယနေ့မှစ၍ မအိမ်ချစ်ပိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

မအိမ်ချစ်ပိုး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ယူဆွတ်(ခ)တင်စိုး၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်(၁၂၂၂၀၃) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း:- °C/O° - ၀၅၇ - ၂၅၁၁၇။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

မြေအမြန်ရောင်းမည်

အမှတ်(119-A)၊ အုတ်လမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။
ဧ(70/110)၊မြေသီးသန့်(ရေမီး)
ဆက်သွယ်ရန်ဖုန်း – 09-5002428
500172, 534162

တိုက်ခန်းအမြန်ရောင်းမည်

(၁) 26'x50'မြေညီထပ်၊ပြင်ဆင်ပြီး၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်။
(၂) ၁၂ ½'x၅၀'လှည်းတန်းဈေးအနီး မြေညီထပ် Ph: aircon ရေပူ၊ ရေအေး၊ပြင်ဆင်ပြီး၊ ညိုနိုင်းဈေး၊

ဖုန်း–၀၉ ၈၀ ၂၀၅၂၅။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ညိုနိုင်းဈေး)

- မြောက်ဥက္ကလာပစက်မှုဇုန်(၈၀'x၂၀၀') RC(၂)ထပ်၊BN(၁)ထပ်၊ ပါဝါ(၂)လုံး၊ ဖုန်းပါ။ ရေ၊ မီးစုံ။
- သံတွဲမြို့၊ ငပလီကမ်းခြေ၊ ဂိတ္တောရွာ ပင်လယ်ကမ်းစပ်၊ ၂ ဒသမ ၅၀ဧက၊ အုန်းသီးပင် ၂၅၀၊ တိုက်ခံ(၂)ထပ်၊ BN ဂိုဒေါင်၊ ရေ၊ မီးစုံ၊ ဖုန်းပါ။

ဖုန်း –၆၆၃၂၈၃။

ဆီအုန်းခြံ လုပ်သား(၁၀၀)ဦး အလိုရှိသည် လစာကောင်းကောင်းပေးမည်။ (ပြည်တွင်း၌သာခန့်ထားရန်)

တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ဆီအုန်းလုပ်သားများ အလိုရှိပါသည်။

၁။ ဆီအုန်းလုပ်သား– ၁၀၀ ဦး (ကျား အသက်၂၀– ၄၅နှစ်အတွင်း)

စိတ်ပါဝင်စားသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မိမိတို့၏ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့နှင့်အတူ Golden Flower Plaza အမှတ်(၂၁၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက် လျှောက်ထားနိုင်ပါသည်။

စားသောက်ကုန်လုပ်ငန်းရှင်ဖြစ်လိုသူများအတွက်
(13 - 2 - 2004)မှ (19 - 2 - 2004)ထိ
224 (B)
ရန်ကုန် ။ ဖုန်း - 01 - 690264

အလိုရှိနေပါသည် (ပြည်တွင်း၌သာခန့်ထားရန်)

မျက်မှန်ဆိုင်သစ်တွင် တာဝန်ထမ်းဆောင်ရန်အတွက် ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးကောင်းမွန်ပြီး အရောင်းအဝယ်အတွေ့အကြုံရှိသူများ အလိုရှိနေပါသည်။

		ပညာအရည်အချင်း	အသက်
အရောင်းစာရေး	ကျား/မ(၁၀) ဦး	၁၀တန်းအောင်	၃၀အောက်
ကွန်ပျူတာကျွမ်းကျင်သူ	မ (၂) ဦး	။	။
သန့်ရှင်းရေးဝန်ထမ်း	ကျား/မ (၂) ဦး	–	–
လုံခြုံရေးဝန်ထမ်း	ကျား (၂) ဦး	–	–

စိတ်ဝင်စားသူများ CV,ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်၃၄၅၊ ၃၄၇၊ ရွှေဘုံသာလမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၂၄၈၂၄၈

Jewel Crown

Preschool, Computer & Language Center

Summer Coures

English Language & Computer Application Courses

- Current Teaching Books
- Reading, Writing, Listening, Speaking
- Grammar, Vocab;
- Computer CD ROM

Mon – Fri

Aircon Classes

1 class = 20 students Only

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ထ/၄၂၀၇ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦး မှတ်ပုံတင်အမှတ် [၁၂/လမတ(နိုင်)၀၀၉၁၀၈]မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၁၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မလှိုင်ရော်ချင်း၏ မှတ်ပုံတင် [၁၃/ကခန(နိုင်)၀၃၉၅၅၆]သည် ၃၀–၁–၂၀၀၄နေ့ ရန်ကုန် – မန္တလေး ရထားပေါ်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန် ။

မအက်(စ်)ရန်းဆိုင်

တိုက်(F)၊ အခန်း(၆)

ဖုန်း–၀၉ ၅၀၁၇၄၄၅၊ ၅၁၀၄၄၄၊ ၂၉၉၆၂၅၊ ၂၉၄၅၃၅။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ် ရွှေဂုန်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ်
၁။	ဦးဝင်းစိန် အင်/အိုကေအေ ၀၂၇၃၀၁	ဒေါ်ခင်ကျော့ [၁၂/ကမတ(နိုင်) ၀၀၈၃၉၄]	တိုက်–၁၁ အခန်း–၂ ရွှေဂုန်ရိပ်မွန်အိမ်ရာ
၂။	ဦးစိုး အေဒီ–၀၁၉၈၆၁		

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

မြဝတီဘဏ်လီမိတက်

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၏ ရာနှုန်းပြည့် အရင်းအနှီးဖြင့် ဖွဲ့စည်းတည်ထောင်ထားသော

မြဝတီဘဏ်လီမိတက်

MYAWADDY BANK LTD.

မြဝတီဘဏ်တွင် အများပြည်သူများယုံကြည်စိတ်ချစွာ ဆက်သွယ်၍ ငွေစာရင်းဖွင့်ခြင်း နှင့် ငွေလွှဲခြင်း လုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်ပေးပါသည်။

- စာရင်းရှင်အပ်ငွေစာရင်းကို အကန့်အသတ်မရှိ ငွေသွင်းငွေထုတ် ပြုလုပ်နိုင်ပါသည်။
- ငွေစုဘဏ် အပ်ငွေကို တစ်ပတ်လျှင်တစ်ကြိမ် အကန့်အသတ်မရှိ ထုတ်ယူနိုင်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၀% ဖြစ်ပါသည်။ (၃) လ တစ်ကြိမ် အတိုးထည့်ပေးပါသည်။
- စာရင်းသေအပ်ငွေကို အကန့်အသတ်မရှိ အပ်နှံနိုင်ပြီး တစ်နှစ်လျှင် ၁၀% အတိုးဖြင့် (၃)လ၊ (၆)လ၊ (၉)လ နှင့် (၁၂)လ အပ်နှံနိုင်ပါသည်။
- ငွေလွှဲပို့ခြင်း လုပ်ငန်းများကို မြဝတီဘဏ်ခွဲများအပြင် မြန်မာ့စီးပွားရေးဘဏ် အားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့် အကန့်အသတ်မရှိ ငွေလွှဲပို့နိုင်ပါသည်။
- အစိုးရဌာနများ၌ ငွေပေးချေရန်အတွက် (Payment Order) များဝယ်ယူနိုင်ပါသည်။
- တင်ဒါအာမခံ (Tender Bond)ကြိုတင်ငွေပေးချေမှုအာမခံ (Advance Payment Guarantee) ဆောင်ရွက်ပြီးမြောက်မှုအာမခံ (Performance Guarantee) စသည့် အခြားဘဏ်အာမခံများ ရယူနိုင်ပါသည်။
- အချိန်ကျလျှင် အလိုအလျောက် ဆောင်ရွက်ပေးရန် (Standing Instruction) များဘဏ်သို့ ပေးနိုင်ပါသည်။
- မိမိအပ်နှံထားသော ငွေဝဘာကို အကန့်အသတ်မရှိ စိတ်တိုင်းကျ ပြန်လည်ထုတ်ယူနိုင်ပါသည်။

စိတ်ချရသော မြဝတီဘဏ်
လုံခြုံ လျှို့ဝှက် ၊ ဆောင်ရွက် မြန်မှန် ၊ မြဝတီဘဏ်
အတိုးများစွာ ရဖို့ရာ ၊ မြဝတီဘဏ်မှာ ငွေစုပါ။

မြဝတီဘဏ် (ရုံးချုပ်) – ၂၄ / ၂၆ ဆူးလေဘုရားလမ်း ၊ ရန်ကုန်မြို့ ။

Tel : ၂၅၆၀၅၇ ၊ ၂၅၆၀၅၉ ၊ ၂၅၆၀၆၂

Fax : ၂၄၃၄၃၂ ၊ ၂၅၀၀၉၃ ၊ ၃၇၁၆၇၅ ၊ ၃၇၁၆၇၆ ၊ ၃၇၁၆၇၇

Email : mwdbankygn@mptmail.net.mm

မြဝတီဘဏ်ခွဲများ – မန္တလေး ၊ မုံရွာ ၊ တောင်ကြီး ၊ ဖားကန့် ၊ ပုသိမ် ၊ဘုရင့်နောင်

ဝမ်းနည်းကြေကွဲခြင်း

[illegible]

ရောင်းမည်

လမ်းမတော်မြို့နယ်၊လမ်းကျယ်၊ နေရာကောင်း၊1500 sq:ft ၊ ၅လွှာ၊ Lift ပါ၊ ပြင်ဆင်ပြီး၊ ပွဲစားမလို။

ဆက်သွယ်ရန် – ၀၉ ၅၀၀ ၉၁၇၀။

(၂)လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးဝင်းဆွေ

အသက်(၅၀)

ပခုက္ကူမြို့နေ(ဦးလှသိန်း–ဒေါ်တင်ပု)တို့၏သား၊ ဂန့်ဂေါမြို့နေ ဒေါ်နွဲ့ခင် (ခ) မလိုမ၏ ချစ်လှစွာသောခင်ပွန်း၊ သမီး မသွဲ့လေး၏ မွေးသဖခင်သည် ၉–၁၂–၂၀၀၃ရက်မှာ မိသားစုကို ခွဲခွာသွားတာ နှစ်လပြည့်ခဲ့ပြီ။ တစ်နေ့တစ်ရက်မှမမေ့ခဲ့ပါ။ ပြုလုပ်ခဲ့သည့်ကုသိုလ်များကို မြင့်မြတ်သောဘဝမှသာခုခေါ်နိုင်ပါစေ–––။

ဇနီး – ဒေါ်နွဲ့ခင်(ခ)မလိုမ

သမီး – မသွဲ့လေး။

လွမ်းဆွတ်သတိရခြင်း

ဦးခင်မောင်နိုင်(မွန်ပြည်နယ်စည်ပင်)

(၁၂–၂–၂၀၀၄)

ဖေဖေ မိသားစုနှင့်ခွဲခွာသွားတာ ၁၂–၂–၂၀၀၄မှာ သုံးနှစ်ပြည့်ခဲ့ပေမယ့် အရာရာဟာ ဖေဖေ အတူတူရှိနေဆဲပါလို့ ခံစားရပါတယ်။ အမှန်တကယ် ဖေဖေမရှိတော့တဲ့အတွက် ဖေဖေ့ကိုရည်စူးပြီး ကုသိုလ်ကောင်းမှုတွေကို စဉ်ဆက်မပြတ်ပြုလျက် အဲဒီကောင်းမှုရဲ့အကျိုးတွေကို မိသားစုနှင့်ထပ်တူထပ်မျှ ဖေဖေ ရရှိခံစားနိုင်ပါစေ–––။

မေမေ – ဒေါ်အေးရင်

သမီး – ခင်လဲ့လဲ့နိုင် (မော်လမြိုင်စည်ပင်)

သား – ဇော်လင်းနိုင်

သမီး – ခင်သင်းသင်းနိုင်(မြို့တော်စည်ပင်လမ်း/တံတား)

အများသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၆၇/၆၉)ရှိ တိုက်ခန်းစုစုပေါင်း(၈)ခန်းအား ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီးရုံးအမှတ်(၃)၏ တရားမကြီးအမှုအမှတ်(၁၉၀/၂၀၀၂) တွင် ၁၁–၁၁–၂၀၀၃နေ့က ချမှတ်ထားခဲ့သော တရားမကျင့်ထုံးဥပဒေအမိန့်(၃၉)၊ နည်းဥပဒေ(၁)နှင့်(၃)တို့အရ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းတစ်စုံတစ်ရာအရ လွှဲပြောင်းခြင်းမရှိစေရန် ယာယီတားဝရမ်းအမိန့်ဖြင့် တားမြစ်ထားပါကြောင်း။

ဒေါ်မာလာမြင့် (ကွယ်လွန်သူဦးခင်မောင်ဦး(ခ)
ဦးဘာတီခင်၏ တရားဝင်ကိုယ်စားလှယ်)
အမှတ်(၄)၊ သီလလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၏ တရားရုံးချုပ်ရှေ့နေ

ဦးတိုးဝင်း

(ဝိဇ္ဇာဘွဲ့)(ဥပဒေ)(ဥပဒေဘွဲ့ရ)

တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး

(ရုံး)	**(အိမ်)**
အမှတ်(၆၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊	ခြံအမှတ်(၂၈၉–အေ)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	ရွှေနှင်းဆီလမ်း၊ (၅)ရပ်ကွက်၊
ဖုန်း – ၂၇၈၆၀၁၊	(၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊
Fax: 951-245931.	ရန်ကုန်မြို့။ ဖုန်း – ၆၆၆၇၉၅။

ဝမ်းနည်းကြေကွဲခြင်း

ဦးစောလွင်(စစ်တွေ)

B.Sc(Engg)Civil;M.S.C.E(Mich:)

ဒုတိယအင်ဂျင်နီယာချုပ်(ရေအားလျှပ်စစ်)(ငြိမ်း)

အကြံပေးအရာရှိ(ငြိမ်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အသက်(၇၂)နှစ်

ဒုတိယအင်ဂျင်နီယာချုပ်(ရေအားလျှပ်စစ်၊ ငြိမ်း)၊ အကြံပေးအရာရှိ (ငြိမ်း) ဦးစောလွင် အသက်(၇၂)နှစ်သည် ၈–၂–၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ

အမှတ်(၁)တည်ဆောက်ရေး၊ ရေအားလျှပ်စစ်ဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဦးစောလွင်(စစ်တွေ)
B.Sc(Engg)Civil;M.S.C.E(Mich:)
ဒုတိယအင်ဂျင်နီယာချုပ်(ရေအားလျှပ်စစ်)(ငြိမ်း)
အကြံပေးအရာရှိ(ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အသက်(၇၂)နှစ်

ဝမ်းနည်းကြေကွဲခြင်း
ဦးစောလွင်(စစ်တွေ)
B.Sc(Engg)Civil;M.S.C.E(Mich:)
ဒုတိယအင်ဂျင်နီယာချုပ်(ရေအားလျှပ်စစ်)(ငြိမ်း)
အကြံပေးအရာရှိ(ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အသက်(၇၂)နှစ်

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**

ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

ခွေးရောင်းရန်ရှိသည်

Australian Imported ACE နှင့် **VENUS** တို့မှ ပေါက်သော **Alsation** နှင့် Imported အထီး၊ အမတို့မှပေါက်သော GOLDEN RETRIVER သားပေါက်များ ရောင်းရန်ရှိသည်။

10-B သီရိမင်္ဂလာလမ်း(မြို့တော်ဂေါက်ကွင်းလမ်း) အင်းစိန်။

ဖုန်း–၇၂၂၇၃၆။

လွမ်းဆွတ်သတိရခြင်း

မြောက်ဦးမြို့၊ လက်ကောက်ဈေးရပ်နေ ဦးကျော်မင်း– ဒေါ်မဲချေတို့၏ သမီးငယ်၊ ဒေါ်ခင်မင်းဦး၊ ဒေါ်ခင်မင်းနွယ်တို့၏ ညီမငယ် ဒေါ်ခင်မျိုးမင်း ကွယ်လွန်ခဲ့သည်မှာ ၁၂–၂–၂၀၀၄တွင် တစ်နှစ်ပြည့်ပြီ။ ပြုပြုသမျှ ကောင်းမှုအစုစုကို ရောက်ရာအရပ်မှ သာဓုခေါ်နိုင်ရန် အမျှပေးဝေပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည်
အသက်(၈၁)နှစ်
(ဓနိကုန်း)

ဓနိကုန်းမြို့နေ (ဦးထွန်းဦး-ဒေါ်နှင်းအေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၁၂၀)နေ ဦးညွန့်မောင်၏ ဇနီး၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်း(ကာကွယ်ရေးဝန်ကြီးဌာန) - ဒေါ်မြင့်မြင့်စိုး၊ ဒေါ်လှလှကြည်(ဌာနခွဲ-၃၊စာရင်းစစ်ချုပ်ရုံး)တို့၏ မိခင်၊ ဗိုလ်သန်းဉာဏ်စိုး(တပ်မတော်-လေ)၊ မောင်ဆန်းဉာဏ်စိုး(တနှစ်-ဆေး-၁)၊ ဗိုလ်လောင်းကျော်ထူးနိုင်(ဒုနှစ်၊တပ်တော်နည်းပညာတက္ကသိုလ်)တို့၏ အဘွားဒေါ်ခင်ကြည်သည် ၁၀-၂-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၀၄ (တနင်္လာနေ့) နံနက် ၇နာရီ တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန်။

ကျန်ရစ်သူမိသားစု။

ဦးတင်ထွဋ်(စစ်ကိုင်း)
အသက်(၇၀)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

စစ်ကိုင်းမြို့၊ ကွက်သစ်ရပ်နေ (ဦးစံပေါ်-ဒေါ်လှစိန်)တို့၏သား၊ စစ်ကိုင်းမြို့၊ ရွာထောင်ရပ်နေ (ဦးဘရှင်-ဒေါ်စောလှိုင်)တို့၏သားသမက်၊ ဒေါ်သန်းကြည်၊ ဒေါ်သန်းရီတို့၏ မောင်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်း၊ တိုက်(၃၃၁)၊ အခန်း(၉)နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ မောင်ထင်လင်းထွဋ်၊ မောင်မျိုးမင်းထွဋ်(ခေတ္တ-ကိုရီးယား)၊ မကျော့လင်းထွဋ်(MEC)၊ (မောင်ဖြိုးမင်းထွဋ်)တို့၏ဖခင် ဦးတင်ထွဋ်သည် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်နုလှ (၇၈)နှစ်
(စစ်တွေ)

ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ တိုက်(၃၅)၊ အခန်း (၁၀၁) စီ၊ (၁)လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ (အရေးပိုင် ဦးဦးထွန်းလှ-ဒေါ်နှင်းဦးခိုင်)တို့၏ သမီးကြီး၊ (ဦးစံကျော်-ဒု-ညွှန်မှူး မိုး/ဇလ-ငြိမ်း)၏ဇနီး၊ ဒေါ်စံသာနု-ဦးမောင်မောင်သိန်း (အလုပ်ရုံခွဲမှူး၊ အုတ်ကျင်း ဂုန်နီစက်ရုံ၊ ငြိမ်း)၊ ဦးအောင်လှထွန်း (မြို့နယ်စာရင်းစစ်ဦးစီးမှူး၊ မောင်တော)- ဒေါ်ခင်မိုးသောင်း၊ ဦးမောင်မောင်လှ၊ ဒေါ်သိန်းနု (မိုး/ဇလ)၊ ဒေါ်ရင်နု-ဦးမောင်မောင်ဌေး၊ ဦးအောင်ထွန်းကျော် (မိုး/ဇလ)-ဒေါ်မာလာသန်းတို့၏ မိခင်၊ မြေး၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည်၁၁-၂-၂၀၀၄ရက်နံနက် ၉:၃၃နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဦးခင်မောင်ညို(၆၇)နှစ်
ဒု-ညွှန်မှူး(ထွေ/အုပ်)(ငြိမ်း)
အတွင်းရေးမှူး
မြန်အောင်မြို့နယ်အသင်း (ရန်ကုန်)

မြန်အောင်မြို့၊ ဘတလင်ရပ်နေ (ဦးသစ်-ဒေါ်သိန်းတင်)တို့၏ သား၊ တောင်တွင်းကြီးမြို့နေ (ဦးဘသွယ်-ဒေါ်မြသန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊တိုက်(၃၃/၈)နေ ဒေါ်ယဉ် ယဉ်မေ(ပုဇွန်တောင် သ/မဆေးခန်း)၏ ခင်ပွန်း၊ ကိုကျော်ဇေယျ၊ (ကိုကျော်မင်း)၊ ကိုသီဟ-မမေသန္တာညို (Interasia Lines)တို့၏ ချစ်လှစွာသောဖခင်သည် ၁၀-၂-၂၀၀၄(အင်္ဂါနေ့) ည၈:၄၅နာရီတွင်ကွယ်လွန်ပါ၍ ၁၄-၂-၂၀၀၄ (စနေနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြရန် အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက်၁၁:၃၀ နာရီထွက်ပါမည်။) အမှုဆောင်အဖွဲ့။

မောင်အေးလွင်(ခ) မောင်အောင်ကျော်ဦး
အသက်(၃၈)နှစ်

ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၄) ရပ်ကွက်၊ သင်းဝင်လမ်း၊ အမှတ် (၈၉၂)နေ (ဦးတင်လှိုင်၊အကောက်ခွန်)-ဒေါ်မိတို့၏သား၊ ဒေါ်အေးလှ၏မြေး၊ ဦးတင်ဝင်း-ဒေါ်တင့်တင့်လွင် တို့၏တူ၊ ဒေါ်အေးမြင့်(အထက-၄)၊ ဒေါ်တင်တင်ဝေတို့၏မောင်၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ကရမက်လမ်း၊ အမှတ် (၉၀)နေ ဒေါ်ခင်မာလာ၏ခင်ပွန်း၊ မစုစုလှိုင်၊ မမိုးသီတာ၊ မောင်အောင်ကျော်လှိုင်-မအေးသီတာ၊ မမိုးမိုးသိန်းတို့၏ အစ်ကိုကြီး၊ မောင်ကျော်ထက်အောင်၊ မောင်မင်းသူခန့်တို့၏ မွေးသဖခင် ကျေးဇူးရှင်သည်၁၀-၂-၂၀၀၄(အင်္ဂါနေ့) နံနက်၉:၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်အမာကြည်(၇၂)နှစ်
ရွှေပင်ဆင့်အထည်ဆိုင်၊မင်္ဂလာဈေး
(ဇလွန်)

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊တိုက်(၃)၊အခန်း(၁၁)နေ ဦးသိန်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်တင်အေး(တွဲဖက်ပါမောက္ခ၊မြန်မာစာဌာန၊ ဟသာတတက္ကသိုလ်)၊ဦးတင်လွင်-ဒေါ်စန်းစန်းဌေး၊ ဦးတင်စိုး(ရွှေပင်ဆင့်-၂၊မင်္ဂလာဈေး)-ဒေါ်ဝင်းသန်း (ကထိက၊ စာပေဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်)၊ ဒေါ်စန်းစန်းဝေ၊ ဒေါက်တာမြင့်ဦး (ဒဂုံတောင် ဒေသန္တရကျန်းမာရေးဌာန)-ဒေါ်မာမာဝေ(ရွှေပင်ဆင့်-၁၊မင်္ဂလာဈေး) တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၀:၃၀နာရီတွင် နေအိမ်၌ကွယ်လွန်ပါ၍၁၃-၂-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ဝင်း (၆၄)နှစ်

ရန်ကုန်မြို့၊အမှတ်(၆၈)၊ (၂၃)လမ်းနေ (ဦးယုခင်-ဒေါ်ညွန့်ရီ)တို့၏ သမီး (ဦးကင်ကျင်-ဒေါ်စိန်ဝိုး)တို့၏ ချွေးမ၊ ဦးတင့်ဇော်၏ ဇနီး၊ မဇင်မော်ဦး-ကိုကျော်ဝင်း၊ မောင်ဇော်ဝင်းအောင်၊ မခင်ထားအိ၊ မောင်ကျော်မြင့်ဦးတို့၏ မွေးသမိခင်၊ ဒေါ်ကျင်မွှေး၊ (ဦးသက်ထွန်း)တို့၏ ညီမ၊ ဦးမောင်မောင်လတ်၊ ဒေါ်ခင်စိုးဝေ၊ ဒေါ်ခင်စိုးမီ၊ ဒေါ်ရီရီမြင့်၊ ဒေါ်မြင့်မြင့်မွန်တို့၏ အစ်မ၊ ဒေါ်ခင်ခင်ဝင်းသည် ၁၁-၂-၂၀၀၄ရက် နံနက် ၁၁:၄၅နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။ ရန်ကုန်ဆေးရုံကြီးမှ ကားများ နံနက်၁၀ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာစိုးကျော်ထွန်းလင်း (ခ) အိုက်စိုင်း(၃၁)နှစ်
လှိုင်လင်းပြည်သူ့ဆေးရုံ

ကျောက်မဲမြို့၊ (၃)ရပ်ကွက်၊ မန်နားရပ်နေ (ဦးကျော်စိန်)-ဒေါ်ခမ်းဆာတို့၏သားထွေး၊ စခန်းသာကျေးရွာနေ ဒေါ်နိုင်းလီ၏ မြေး၊ ကျောက်မဲမြို့၊ (၈)ရပ်ကွက်၊ ထုံးဖိုရပ်နေ ဦးမွန်းဟန်-(ဒေါ်သောင်း)တို့၏ တူ၊ တာချီလိတ်မူးယစ်(အထူး)အဖွဲ့ ရဲအုပ်စိုင်းခမ်းလူ-ဒေါ်တင်မာရီ၊ မန်နားရပ်နေ စိုင်းကြာပု၊ စိုင်းသာထွန်းအောင်၊ နန်းနုနု၊ နန်းနုနုရီတို့၏ ချစ်လှစွာသော ညီ/မောင်၊ တာချီလိတ်မြို့နေ စိုင်းဟိန်း၏ ဦးလေးသည် ၉-၂-၂၀၀၄ (တနင်္လာနေ့)နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးတင်အောင်(၆၈)နှစ်
ဘောင်းနို့ဆီတိုက်
(မန္တလေး)

မန္တလေးမြို့နေ (ဦးစံတင်-ဒေါ်တင်တင်)(ဘောင်းနို့ဆီတိုက်)တို့၏ သားကြီး၊ (ဦးညိုအေး)-ဒေါ်ခင်သန်းနွယ်(မှတ်တမ်းရုံး)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (ကာကွယ်ရေးဝန်ကြီးဌာန)- ဒေါ်ကြည်ကြည်အုန်း၊ အုပ်ခွဲတပ်ကြပ်ကြီး ကြည်စိုး-ဒေါ်ဘေဘီမြင့်၊ (ဦးတင်အုန်း-ဒေါ်ခင်ဝင်း)၊ ဦးမြသိန်း-ဒေါ်ခင်စန်းရီ၊ ဦးသန်းထွန်း-ဒေါ်ခင်နှင်းရီတို့၏ အစ်ကိုကြီး၊ တူ/တူမ ၃၀ယောက်တို့၏ ဘကြီး၊ ပဲခူးတိုင်း၊ တောင်ငူမြို့၊(၁၉)ရပ်ကွက်၊ တိုင်းတံခွန်စားသောက်ဆိုင်နေ ဒေါ်ရီရီဝင်း၏ ခင်ပွန်း၊ မနီလာအောင်၏ဖခင် ဦးတင်အောင်သည် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊အမ
ဒေါ်ညွန့်ညွန့်ကြိုင်
အသက်(၈၁)နှစ်
(ဒိုက်ဦး)
(စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဝန်ကြီးများရုံး)

ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ အခန်း(၂၈)၊ တိုက်(၄)နေ (ဦးကြိုင်-ဒေါ်အေးတင်) တို့၏ သမီး၊ (ဦးမြသိမ်း-ဒေါ်သိန်းတင်) တို့၏ ချွေးမ၊ (ဦးလှမြင့်)၏ဇနီး၊ (ဦးဦးမောင်-ဒေါ်အေးကြိုင်)၊(ဦးလှကြိုင်-ဒေါ်တင်တင်)တို့၏ညီမ၊ (ဦးအောင်ငြိမ်း-ဒေါ်မြမြကြိုင်)၊ (ဦးစိုးကြိုင်)-ဒေါ်သန်းရီ၊ ဦးတင်ကြိုင်- ဒေါ်ညွန့်ညွန့်လေး-ဒေါ်စန်းမြင့်၊ (ဦးတင်မြင့်)-ဒေါ်ခင်ခင်ကြိုင်၊ (ဦးမောင် မောင်ကြီး)၊ (ဦးသန်းကြိုင်)၊ ဒေါ်တင်လှတို့၏ အစ်မ၊ ဦးကျော်စိုး(ဒု-အရာခံဗိုလ်၊ငြိမ်း)-ဒေါ်ဝင်းဝင်းမြင့်(စိုက်ပျိုး)(ငြိမ်း)၊(ဦးမြတ်စိုး) - ဒေါ်ဆွေဆွေမြင့် (သပြေနန်း)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊(ဦးခင်မောင်ဇော်)-ဒေါ်အေးနွယ်စိုး၊ဦးကျော်မိုးစိုး-ဒေါ်အေးအေးစိုး၊ကိုကျော်သူ၊ ကိုစိုးကျော်-မမိုးပပစိုးတို့၏ အဘွား၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၁၁-၂-၂၀၀၄ရက် မွန်းလွဲ ၁:၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ (သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ် မှကားများ မွန်းလွဲ၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မြင့်မြင့်ဆွေ(ခ)မတူး
အသက်(၅၃)နှစ်
(ဗိုလ်ချုပ်ဈေး)

ရန်ကုန်မြို့၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၇၃)၊ မြေညီထပ်နေ (ဦးစစ်ဟုတ်-ဒေါ်ဦးမေ)တို့၏ သမီး၊ (ဦးစိန်ပွင့် - ဒေါ်ကြာပန်းခိုင်)တို့၏ သမီးချွေးမ၊ ဦးကျော်စိန်(နှင်းနန္ဒာရတနာဆိုင်-ဗိုလ်ချုပ်ဈေး)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ဝင်းမေ-ဦးအောင်မြင့်၊ ဒေါ်ဝင်းဆွေ-ဦးညိုမောင်တို့၏ညီမ၊ ဒေါ်ရီရီမေ-ဦးတက်ထွန်း၊ ဒေါ်ရီရီဆွေ၊ ဦးဝေစိုး-ဒေါ်စမ်းစမ်းအေး၊ ဦးအောင်သူ-ဒေါ်စန္ဒာလင်း၊ ဦးကျော်ကျော်ထွေး-ဒေါ်မူမူအေးတို့၏အစ်မ၊ တူ/တူမ ၂၁ယောက်တို့၏ အဒေါ်သည် ၁၀-၂-၂၀၀၄ရက် ညနေ ၆:၂၅နာရီတွင် ခရစ်တော်၌အိပ်ပျော်ပါ၍ ၁၂-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်၌ ဝတ်ပြုကိုးကွယ်ပြီး ညနေ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစိန်ကျော်ဝင်း
အသက်(၅၂)နှစ်
ရောင်နီဝင်းသံသေတ္တာ၊ ရေပုံးလုပ်ငန်း
(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ

ရခိုင်ပြည်နယ် ပေါက်တောမြို့နေ (ဦးကြာလှအောင်-ဒေါ်ဦးစိန်ဖြူ)တို့၏ သား၊ (ဦးမောင်ဦး)-ဒေါ်ခိုင်စောသာ တို့၏ သားသမက်၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၁)လမ်း၊ အမှတ်(၈၀၆)နေ ဒေါ်ရွှေခိုင်၏ ခင်ပွန်း၊ မောင်ဝင်းကို B.Sc (Chem;)-မအိသန္တာလွင် (2nd year Bot;)၊ မသန်းသန်းရွှေ B.Sc (Chem;)၊ ဗိုလ်လောင်းနိုင်လင်း (စစ်တက္ကသိုလ်)တို့၏ ဖခင်သည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၁၀-၂-၂၀၀၄(အင်္ဂါနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်ပါ၍ ၁၄-၂-၂၀၀၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊မယ်တော်ကြီး
ဒေါ်ညွန့်တင် (၇၇)နှစ်
(ကျောက်ကြီးမြို့နယ်၊နွယ်တန်းကျေးရွာ)

ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်၊ နွယ်တန်းကျေးရွာနေ (ဦးသူတော်-ဒေါ်မယ်ကြိုင်)တို့၏ သမီး၊ (ဦးထွန်းအေး-ဒေါ်ကြာစေ့)တို့၏ သမီးချွေးမ၊ ဦးခင်မောင်၏ဇနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မသီရိကျောင်း၊ဆရာတော်ဘဒ္ဒန္တသောဘိတ၏မယ်တော်ကြီး၊ ဦးသန်းမြ-ဒေါ်ခင်နွယ်ဦး၊ ဒေါ်မြင့်သိန်း၊ (ဦးတင်ချစ်)-ဒေါ်သိန်းမြင့်၊ ဦးသန်းအေး၊ ကိုဝင်းမောင်-မတင်ဌေး၊ ကိုမြဝင်း-မတင်မွှေး၊ ကိုမောင့်နိုင်-မမြင့်မြင့်မော်တို့၏ မွေးသမိခင်၊ မြေး ၁၇ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၉-၂-၂၀၀၄ (တနင်္လာနေ့) ညနေ ၆:၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မသီရိကျောင်း၊ ၈/ရပ်ကွက်၊ မြောက် ဥက္ကလာပမှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစန်းလွင်(ခ) ဦးခင်အောင် (၇၄)နှစ်
ဓာတ်ခွဲခန်းမှူး (ငြိမ်း)
မြေတိုင်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်
(မုံရွာ၊ ဖြူးဒတ်)

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နေ (ဦးစံဖြိုး-ဒေါ်သိန်းရှိ)တို့၏ သား၊ စစ်ကွင်းမြို့နေ ဦးမောင်တင်-ဒေါ်စောခင်တို့၏ သားသမက်၊(ဦးခင်မောင်)၏ ညီ၊(ကိုသက်လွင်ဦး)၊ ကိုစိုးလွင်ဦး-မခင်လေးမြိုင်၊ ကိုညွန့်ဦး(လှိုင်ကောလိပ်)-မမေလွင်ဦး(အကြီးလေး)၊ ကိုသန်းဝင်း (နယ်မြေအင်/ယာဌာန၊ Y.T.U)-မနှင်းလွင်ဦး (အငယ်လေး)တို့၏ဖခင်၊မြေး၁ယောက်တို့၏ အဘိုးသည် ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်း အမှတ် စီ-၅ ၌ ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊အမ
မခင်သိန်းဝင်း(ခ) မနှင်းနှင်းဝေ (ခ)မသီတာ
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပ မြို့နယ်၊ (၅)ရပ်ကွက်၊ တောင်ငူ(၁၃)လမ်း၊ အမှတ်(၃၂၁)နေ ဦးစိုးမောင်-ဒေါ်ခင်မြင့်တို့၏သမီး၊ မဝင်းဝင်းသန်း၊ ကိုသိန်းဇော်၊ မမိုးမိုး၊ ကိုဝင်းဇော်တို့၏ညီမ၊ ကိုဝင်းအောင်၊ ကိုထွန်းထွန်းဝင်းတို့၏ အစ်မ၊ မောင်သက်နိုင်ဦး၊ မစုစုပိုင်၊ မိပို့၊ မောင်တိုးဝေထွန်း၊ မောင်အောင်စိုးခိုင်၊ မဇူဇူဝါ၊ မောင်ရန်ကျော်တို့၏ အဒေါ်သည် ၉-၂-၂၀၀၄(တနင်္လာနေ့) ညနေ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက်၁၁:၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မျိုးမင်း (၂၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ရတနာသစ်အိမ်ရာ၊ တိုက်(စ)၊ အခန်း (၅)နေ ဦးခင်မောင်ဝင်း(မန်နေဂျာ၊ အမှတ်-၂၊ အထပ်သားစက်ရုံ)-ဒေါ်လေးတင်(ရုံးအုပ်၊ ပြည်တွင်းရောင်း/စက်၊ ရုံးချုပ်)တို့၏သား၊ မတင်တင်ဌေး (အငယ်တန်းလက်ထောက်၊ ပြည်တွင်းရောင်း/စက်)၊ မနုနုအေးတို့၏ အစ်ကိုသည် ၁၀-၂-၂၀၀၄ (အင်္ဂါနေ့)နံနက် ၁၂:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးတင် (၈၇)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ မုပွန်ရပ်၊ ကံကော်လမ်း၊ အမှတ်(၂၄)နေ (ဦးထွန်းရင်-ဒေါ်သင်းလှိုင်)တို့၏သမီး၊ (ဦးသောင်းဖေ-ဒေါ်ဖွားတင်)တို့၏ သမီးချွေးမ၊ (ဦးဆန်နီ)-ဒေါ်သင်၊ (ဦးဘတင်-ဒေါ်သန်းရွှေ)တို့၏ ညီမ၊ ဦးအေးသွယ် (မြန်မာ့မီးရထား၊ ငြိမ်း)၏ ဇနီး၊ ဦးကျော်ထွန်း(ခရိုင်အုပ်ချုပ်ရေးမှူး၊ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်အေးသန်း၊ မဇင်ဇင်အေး(စာရင်းကိုင်၊ မွန်ပြည်နယ်လျှပ်စစ်ဓာတ်အားလုပ်ငန်း)တို့၏မိခင်၊ မောင်ဝဏ္ဏထွန်း(ILBC)-မအယ်နန်တောင်၊ မနွယ်ဇင်ထွန်း၊ မကေခိုင်ထွန်း(GTC)တို့၏အဘွား၊မောင်ဟိန်းထက်စိုး(ခ)သုတထွန်း၏ဘွားဘွားကြီး ဒေါ်အေးတင်သည် ၉-၂-၂၀၀၄ရက် ည ၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် မုပွန်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဦးစိုးမြင့် (၈၆)နှစ်
(ဖျာပုံ)

ဖျာပုံမြို့နေ (ဦးထွန်း-ဒေါ်ပန်းအိ)တို့၏သားကြီး၊ (ဦးမောင်ကြီး-ဒေါ်သိန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၁၇)၊တက္ကသိုလ်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြကြီး)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းလွင်)-ဒေါ်သီတာမြင့်၊ပါမောက္ခဒုတိယဗိုလ်မှူးကြီးဉာဏ်ထိန်လင်း(အမှတ်-၂၊ တပ်မတော်ဆေးရုံ)-ဒေါက်တာစန္ဒာမြင့်၊ ကပ္ပတိန်မော်ဦးမြင့် (Lizstar Company) -ဒေါ်မို့မို့အောင်၊ ဦးကျော်ဦးမြင့်၊ ဦးမြင့်သိန်းထွန်း၊ ဒေါ်မာလာမြင့်တို့၏ ဖခင်ကြီး၊ ဇင်နွယ်လင်း (M.Sc, Oxford)၊ သဉ္ဇာသိန်းလွင် (Final Part II, IM-1)၊ ဝေမာလင်း (3rd M.B, IM-I)၊ မေသူမြင့် (Final yr. English)၊ မြင့်သူထွန်း (2nd MB, IM-1)၊ မိုးဆက်မြင့်၊ စိုပြေထွန်းတို့၏ ဘိုးဘိုးကြီးသည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၈:၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၂-၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြ (၇၇)နှစ်
(ဗဟန်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း (၂)လမ်း၊အမှတ်(၁၀)နေ (ဦးမြင့်သန်း)၏ ဇနီး၊ ဦးခင်မောင်ဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဒေါ်ကြူကြူဝင်း၊ ဦးဇော်ဝင်း၊ ဦးနေဝင်း-ဒေါ်ကြည်ကြည်သန်း၊ ဦးဌေးဝင်း-ဒေါ်သိန်းသိန်းဌေး၊ (ဦးသိန်းဝင်း)-ဒေါ်လှိုင်လှိုင်၊ ဦးစန်းကျော်ဦး-ဒေါ်စမ်းစမ်းဝင်း၊ ဦးဝင်းထိန်၊ ဦးစိန်ညွန့်၊ ဦးကျော်ဝင်းသိန်း-မနီနီဝင်းတို့၏ မိခင်၊ ၊မြေး ၂၀ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၁၁-၂-၂၀၀၄ရက် နံနက် ၅:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်နော်နော်(၅၁)နှစ်
အကောက်ခွန်(တောင်ကြီး)
(သန်လျင်)

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ အမှတ် (၁၆)၊ဦးလှထွန်းလွင်လမ်းနေဦးစောတင်-(ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်)တို့၏ချွေးမ၊ (ဦးကျော်မင်း)-ဒေါ်စိန်ခိုင်ဦးတို့၏သမီး၊ဦးသန့်ဇင်(သန်လျင်ရေနံ)၏ ဇနီး၊ မဝတ်ရည်သန့်(သန်လျင်၊ စာတိုက်)၏ မွေးသမိခင်၊ ဦးလှဝင်း-ဒေါ်မူမူအေး(မူပြ)၊ ဦးအိုက်စံ-ဒေါ်စန်းစန်းအေး၊ ဦးသိန်းမြင့်-ဆရာမ ဒေါ်ကြည်ကြည်စိန်၊ ဦးကျော်ဘ-ဒေါ်ခင်စန်းဝေ၊ ဦးဝင်းရှိန်-ဒေါ်ဆွေဆွေအေး (အကောက်ခွန်)၊ မောင်မောင်ရွှေတို့၏ အစ်မသည် ၁၀-၂-၂၀၀၄ရက် ည၁၀နာရီတွင် ကွယ်လွန်ပါ၍ ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင်အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မဇင်မေဦး (၃၂)နှစ်
မြန်မာ့သစ်လုပ်ငန်းရုံးချုပ်

မြောက်ဥက္ကလာပ(ခ)ရပ်ကွက်၊ (ခ/၄၄၁)၊ မြရတနာ(၂)လမ်းနေ ဦးတင်စိုး-ဒေါ်စိန်ရင်တို့၏သမီးကြီး၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ (၁၈/၁)၊ ဘုရင့်နောင်သစ်ဆိပ်ဝန်ထမ်းအိမ်ရာနေ ဦးကြည်သိန်း(မြန်မာ့သစ်လုပ်ငန်းရုံးချုပ်) ၏ဇနီးသည် ၁၀-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိမ်းမောင် (၇၉)နှစ်
(သံပန်း၊ သံတံခါး)၊ စမ်းချောင်း

ဒဂုံမြောက်ပိုင်း၊(၄၂)ရပ်ကွက်၊ အမှတ် (၉၈၀)၊ ရွှေဥဒေါင်းလမ်းနေ ဦးတိုးကြွယ်-ဒေါ်ဂုတ်တို့၏သား၊ (ဒေါ်အုန်းမြ)၏ ခင်ပွန်း၊ ဦးဘိုဖြူ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)-ဒေါ်လှထွေး၊ (ဦးစိုးလှိုင်)-ဒေါ်မြကြိုင်၊ ဦးမြင့်ဦး-ဒေါ်မြကြင်၊ ဦးကျော်ယု(ခ)ဘိုကြီး - ဒေါ်တင်ဦး၊ ဦးတင့်ဆန်း(ခ)ဘိုလေး-ဒေါ်မြင့်မြင့်နွယ်၊ ဦးမြင့်သိန်း-ဒေါ်အေးဝင်း၊ ဦးခင်မောင်ဘို-ဒေါ်ခင်စုကြည်၊ ဦးကျော်မင်းသိမ်းတို့၏ဖခင်ဦးသိမ်းမောင်သည် ၁၁-၂-၂၀၀၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၃-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်၊(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ဒါယိကာမ
ဒေါ်ညွန့် (၇၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း၊အမှတ်(၁၁၂-B)၊ မြေညီထပ်နေ (ဦးယုစိန်-ဒေါ်ကင်တီ) တို့၏ သမီးကြီး၊ (ဦးခွမ်းနာ)-ဒေါ်ဖိုင်ရာတို့၏ သမီးချွေးမ၊ (ဦးချေးလေး)၏ ချစ်လှစွာသောဇနီး၊ (ဦးဝမ်း)၊ ဦးသိန်းဟန်-ဒေါ်မွှေးကြိုင်တို့၏ ညီမ၊ ဦးတင့်လွင်-ဒေါ်ကျင်စိန်၊ဒေါ်စန်းစန်းနွယ်၊ ဦးသန့်ဇင်တို့၏အမကြီး၊ ဒေါ်ခင်လှဝင်း-ဦးမောင်မောင်စိုး၊ဒေါ်ခင်လှရီ-ဦးမြင့်စိုး၊မစောဌေး၊ မတင်တင်မြင့်၊ မောင်ကျော်သန်းမြင့်၊ မောင်စိုးအောင်တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၀-၂-၂၀၀၄(အင်္ဂါနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန် ဆေးရုံကြီးအအေးတိုက်မှ ကားများထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ကျောင်း၊ ကျောင်းမြေ၊ ရဟန်းမယ်တော်ကြီး
ဒေါ်တင်မြင့်(ခ)ဒေါ်တင်တင်ဝင်း
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၇၈)နေ (ဦးဇရက်-ဒေါ်ရွှေနု)တို့၏သမီးကြီး၊ (ဦးမောင်ရှင်-ဒေါ်သီ)တို့၏ သမီးချွေးမ၊ ဦးသစ္စာ(မုဒုံရဲစခန်း)-ဒေါ်ငယ်ငယ်တို့၏ ညီမ၊ ဒေါ်ဘုတ်စုံ၊ ဒေါ်ပြုံး၊ ဦးဟန်စိန်-ဒေါ်ထူးစိန်၊ ဦးကျင်မောင်-ဒေါ်စု၊ ဦးဟန်ကြည်(တပ်မတော်မှတ်တမ်းရုံး)-ဒေါ်အေးအေးရွှေ၊ ဦးအေးမြင့်-ဒေါ်နိုင်နိုင်မော်တို့၏ ချစ်လှစွာသောအစ်မ၊ ဦးတင်ရွှေ၏ ချစ်လှစွာသောဇနီး၊ ဦးအဂ္ဂဉာဏ (တောင်ဒဂုံ၊ ရွှေကျင်ကျောင်းတိုက်)၊ ကိုစန်းမြင့်ဦး-မသန်းသန်းဌေး၊ကိုသက်ဦး-မစန္ဒာခိုင်၊ကိုအောင်အောင်-မချိုချို၊ ကိုကျော်ကျော်-မအေးသီတာ(သတ္တုဗေဒဌာန၊ဆေးတက္ကသိုလ်၊ မန္တလေး)၊ မမြသီတာတို့၏ ချစ်လှစွာသောမွေးမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား၊ တူ၊ တူမ၁၆ယောက်တို့၏ ကြီးတော် ဒေါ်တင်မြင့်(ခ)ဒေါ်တင်တင်ဝင်းသည် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄(သောကြာနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးလှမိုး(ငြိမ်း)
အသက်(၄၉)နှစ်
တော၈(၄)
မန်နေဂျာ(မြန်မာ့သဘောကျင်းလုပ်ငန်း)

မန္တလေးမြို့နေ(ဦးသောင်း-ဒေါ်စိန်ရင်)တို့၏ သား၊ ချောက်မြို့နယ်၊ ရွှေတွင်းကုန်းရပ်ကွက်နေ (ဦးခင်မောင်-ဒေါ်စန်းကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊(၄)ရပ်ကွက်၊ မြန်မာ့သဘောကျင်းလုပ်ငန်း အဆင့်မြင့်ဝန်ထမ်းအိမ်ရာနေ ဒေါ်မြင့်မြင့်စိန်၏ ခင်ပွန်း၊ မောင်အောင် ဇေယျာမိုး၊ (A.M.E.G. Co Ltd)၊ မောင်အောင်တေဇာမိုး (A.M.E.G. Co Ltd)တို့၏ ဖခင်သည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့)ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့)တွင်ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအထွန်း(၈၅)နှစ်
(စစ်တွေ)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ တိုက် (၁၈)၊ အခန်း(၆)နေ ဒေါ်ငွေတင်၏ ခင်ပွန်း၊ (ဦးအုန်းမြင့်)-ဒေါ်ခင်တင့်၊ ဦးစိုးတင့်-ဒေါ်ခင်လေးရီ၊ ဦးနေဝင်း-ဒေါ်ခင်အေးမြင့်တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘိုးသည် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၅:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄(သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ပြည်ရိပ်မွန်အိမ်ရာမှမွန်းလွဲ၂နာရီတွင် ကားများထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ညို (၆၇)နှစ်
ဒု-ညွှန်မှူး၊ ထွေ/အုပ်-(ငြိမ်း)
အတွင်းရေးမှူး(မြန်အောင်အသင်း)

မြန်အောင်မြို့၊ ဘတလင်ရပ်နေ (ဦးသစ်-ဒေါ်သိန်းတင်)တို့၏ သား၊ တောင်တွင်းကြီးမြို့နေ (ဦးဘသွယ်-ဒေါ်မြသန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၃၃/၈)နေ ဒေါ်ယဉ်ယဉ်မေ (ပုဇွန်တောင် သ/မဆေးခန်း)၏ ခင်ပွန်း၊ ကိုကျော်ဇေယျ၊(ကိုကျော်မင်း)၊ ကိုသီဟ-မမေသန္တာညို (Interasia Lines) တို့၏ ချစ်လှစွာသောဖခင်သည် ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘွန်ဟုတ်(ခ)ဦးစိုးအောင်
အသက်(၆၀)

ရန်ကုန်မြို့၊လသာမြို့နယ်၊(၅)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၃၂)၊ ၃ထပ်နေ (ဦးစိန်ထွန်း-ဒေါ်ချွမ်တီ)တို့၏သား၊ ဒေါ်ကျင်ရွှေ-ဦးသောင်း၊ ဒေါ်ကျင်ငွေ-ဦးဘဂျမ်း၊ (ဦးခင်မောင်)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ဘိဘိ-ဦးမောင်ဝင်းတို့၏ညီ/မောင်၊ ဦးချန်းလင်-ဒေါ်တိုးတိုး၊ ဦးတိုင်တေ-ဒေါ်ခင်လေကြူ၊ ဦးအေးအေး-ဒေါ်သင်းသင်းမော်တို့၏ အစ်ကို၊ ဒေါ်သန်းဝင်း၏ ခင်ပွန်း၊ မသင်းသင်းစိုး၊ မခိုင်ခိုင်စိုး၊ မောင်ထွန်း နိုင်စိုးတို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၅၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၂-၂၀၀၄(သောကြာနေ့) နံနက်၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း(၅၃)နှစ်
(မြန်မာ့သစ်လုပ်ငန်း)
(ရေယာဉ်နှင့်ပို့ဆောင်ရေးဌာန၊ယာဉ်မောင်း)

(ဦးဘတင့် - ဒေါ်အေးတင့်)တို့၏ သား၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၄၅)နေ ဒေါ်ကုလားမ၏ ခင်ပွန်း၊ ဦးထွန်းအောင် (ရေယာဉ်နှင့် ပို့ဆောင်ရေး၊ မြန်မာ့သစ်လုပ်ငန်း)-မခင်မာဖြူ၊ ကိုထွန်းသန်း-မခင်ခင်၊ (ကိုမြင့်ဦး)-မမြင့်မြင့်ရီ၊ ကိုခင်မောင်ဌေး-မတင့်တင့်ရီ၊ကျော်ကျော်ထက်တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၁-၂-၂၀၀၄ရက် ညနေ ၄:၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးငွေတိုး (၄၂)နှစ်
မိုး/ဇလဦးစီးဌာန

ရန်ကုန်မြို့၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ် နေ ဦးသာမောင်-ဒေါ်သန်းစိန်တို့၏ သားလတ်၊ဦးစိုးလှ၊ ဒေါ်နော်မေးမက်(စ်)တို့၏ သားသမက်၊ တပ်ကြပ် မြင့်စိန်-မဝင်းမြင့်၊ဦးသန်းဌေးတို့၏ ညီ/မောင်၊ ဦးဝင်းထွေး၊ ဒေါ်လှလှနုတို့၏ အစ်ကို၊ ဒေါ်နော်ထိုင်း ရီးနား(လ/ထညွှန်မှူး၊မွေး/ ညွှန်ဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စောခိုင်သာစိုး (အမက-၁၂၊ မင်္ဂလာဒုံ)၊ မဟေတောမူ (အမက-၁၂၊ မင်္ဂလာဒုံ)တို့၏ မွေးသဖခင်၊ မရွှေဇင်၊ မအေးအေးခိုင်၊ မဌေးဌေးခိုင်၊ မတွယ်တာဝတ်ရည်၊ မနန္ဒာဝတ်ရည်တို့၏ ဘကြီးသည် ၁၀-၂-၂၀၀၄(အင်္ဂါ နေ့) ညနေ ၄:၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၂-၂-၂၀၀၄ ရက် နံနက် ၉ နာရီတွင် ရေဝေးကရင်နှစ်ချင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ် မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မိုးကောင်းတံတားဖွင့်ပွဲအခမ်းအနား ကျင်းပ

ဧရာဝတီ-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နန့်ကောင်းချောင်းကိုဖြတ်၍ တည်ဆောက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်ခဲ့သည့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီခွဲတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး တံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

မိုးကောင်းတံတားဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ခင်မောင်၊ သို့ပြင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားဖွင့်ပွဲတွင် မိုးကောင်းတံတား၏ မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်ခဲ့သည့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူးမိုးကောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြု

သတင်း၊ ဆောင်းပါး အညွှန်း

မြင့်စိုး(နတလ)၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး **"ခိုင်ခိုင်မြဲမြဲ လက်တွဲညီ"**ကို စာမျက်နှာ (၇)တွင် ဖော်ပြထားပြီး **"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"** ကို စာမျက်နှာ (၈) နှင့် (၉)တို့တွင် ဖော်ပြထားပါသည်။

(ကြေးမုံ)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား မိသားစုထမင်းဝိုင်းဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ စစ်ဗျူဟာမှူးများနှင့် အရာရှိများ၏ နေအိမ်များ၌ မိသားစုထမင်းဝိုင်းဖြင့် တည်ခင်းဧည့်ခံကြသည်။

ရွှေဦးစွာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❍**